# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက် | ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၂၅ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ်(၂၉၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

## အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ပထမနေ့ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

အဋ္ဌမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည့်ညိုကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❁

### ယနေ့ မာတိကာ


**နေပြည်တော်နှင့် ရှမ်းပြည်နယ်အတွင်း ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံး (Seed Balls)များ ကြဲချ**

ပြည်တွင်းသတင်း | စာ ၅



**ထေရဝါဒ ဗုဒ္ဓဘာသာဝင်များ ညွတ်တွားပူဇော်ဖူးမြော် ကြည်ညိုကြရမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး**

ဆောင်းပါး | စာ ၆

**စစ်တွေကုန်သွယ်ရေးစခန်း ကုန်သွယ်မှုအခြေအနေ**

စီးပွားရေးသတင်းများ | စာ ၁၂

# သတိတရား လက်ကိုင်ထား၍ မှန်မှန်ကန်ကန် သုံးသပ်ဆင်ခြင်

နှစ်သောင်းကျပ်တန် ငွေစက္ကူအမျိုးအစားသစ်ကို လာမည့် ဇူလိုင်လ (၃၁) ရက်နေ့မှ စတင်ထုတ်ဝေမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဇူလိုင်လ ၂၃ ရက် ရက်စွဲဖြင့် သတင်းထုတ်ပြန်လိုက်ရာ ပြည်တွင်း၌ ဂယက်ရိုက်ခတ်မှုတို့ ဖြစ်ပေါ်ခဲ့သည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၎င်းထုတ်ဝေမည့် ငွေစက္ကူအမျိုးအစားသစ်နှင့် စပ်လျဉ်း၍ အများပြည်သူသိရှိရန်လိုအပ်သည့် သတင်းအချက်အလက်များ ပြည့်စုံစွာဖြင့် သတင်းထုတ်ပြန်ခဲ့စေကာမူ ပြည်တွင်း ပြည်ပမှ မသမာသူများနှင့် ဝိသမလောဘသမားများ၏ ခြောက်လုံးလှန့်လုံးများ၊ ကောလာဟလများပါ ရောနှောပျံ့နှံ့လာခဲ့ပြီး ရွှေနှင့် ငွေကြေးဈေးကွက်အပါအဝင် ဈေးကွက်အသီးသီးတို့ကို ရိုက်ခတ်ခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းပြည်ပမှ မသမာသူများဟုဆိုရာတွင် ပြည်ပြေးများ၊ ၎င်းတို့နှင့် ဆက်နွှယ်နေသည့် ဒေါ်လာစားမီဒီယာများ၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုကို မလိုလားသူများပါဝင်နေပြီး နှစ်သောင်းကျပ်တန် ငွေစက္ကူသစ်ထုတ်ဝေမည့်သတင်းအပေါ် နိုင်ငံရေးအရ ကောက်ကျစ်စဉ်းလဲစွာဖြင့် အောက်လုံးထိုးလိုက်ခြင်းဖြစ်သည်။ ဝိသမလောဘသမားများဆိုသည်မှာလည်း တစ်ရက်၊ တစ်မနက်မျှဖြင့် သိန်းပေါင်းထောင်ချီရနိုင်မည့် အလုပ်အခတ်မျိုးကို ကြံစည်ဖန်တီးနေတတ်ကြသူများဖြစ်ရာ ကောလာဟလများ ပျံ့နှံ့လာခြင်းသည် ပုံမှန်စီးပွားရေးပုံစံမဟုတ်သော ကုန်ဈေးနှုန်းများ ဆွဲတင်၊ ဆွဲချ ဈေးကစား၍ စီးပွားရှာသည့် လောဘသားတို့အတွက် စီးပွားကွက်ပင်ဖြစ်သည်။ နှစ်သောင်းကျပ်တန် ငွေစက္ကူသည် ထွက်မလာသေးဘဲ သတင်းသာထွက်လာသည့်နောက် နာရီအနည်းငယ်မျှအတွင်း ဈေးကွက်အသီးသီးတို့တွင် ရုတ်ရုတ်ရက်ရက်ဖြစ်ခဲ့ရာ ရွှေ၊ ဒေါ်လာ၊ အိမ်ခြံမြေ၊ ကား စသည့် အမြင့်ပိုင်းများသာမက ပြည်သူအများ နေ့စဉ်စားသုံးနေကြရသည့် ဆန်အပါအဝင် အခြားကုန်စည်များအထိ ပါဝင်သည်။

အထိတ်တလန့်ဖြစ်တတ်သူတို့က အပြေးအလွှား ဆန်ဝယ်ဆီဝယ်လုပ်ကြသလို ရွှေဆိုင်များကလည်း ရွှေအဝယ်သာရှိပြီး ယာယီအရောင်းပိတ်ထားကြောင်း၊ အချို့ကုန်ပစ္စည်းများ အရောင်းဆိုင်များတွင်လည်း လတ်တလောအခြေအနေကို စောင့်ကြည့်ကာ ခေတ္တအရောင်းအဝယ် ဆိုင်းငံ့ထားကြောင်း စသည်ဖြင့် သတင်းအချို့ထွက်လာသည်ကို တွေ့ရသည်။ အဆိုပါ ဂယက်ရိုက်ခတ်မှုများ၏ အကြောင်းရင်းခံသည် နှစ်သောင်းကျပ်တန် ငွေစက္ကူအမျိုးအစားသစ် ထုတ်ဝေမည်ဆိုသည့် သတင်းအပေါ်တွင် မြန်မာကျပ်ငွေတန်ဖိုးကျဆင်းတော့မည်၊ ငွေကြေးဖောင်းပွလာမည်၊ လက်ရှိအစိုးရလက်ထဲတွင် ငွေမရှိတော့ စသည့် ကောလာဟလများ၊ ခြောက်လုံးလှန့်လုံးများကြောင့်ပင်ဖြစ်သည်။

စင်စစ်အားဖြင့် နှစ်သောင်းကျပ်တန်ငွေစက္ကူအမျိုးအစားသစ် ထုတ်ဝေခြင်းသည် "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှု အထိမ်းအမှတ်နှင့် ဆင်ဖြူတော်ရတနာ "ရဋ္ဌနန္ဒက" တစ်နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အနေဖြင့် ထုတ်ဝေခြင်းဖြစ်ပြီး အရေအတွက်အားဖြင့်လည်း အကန့်အသတ်ဖြင့် ထုတ်ဝေသွားမည်ဖြစ်ကြောင်း၊ အကန့်အသတ်ဖြင့်ဟုဆိုရာတွင် ပြည်တွင်း၌ လှည့်လည်သုံးစွဲနေသည့် ငွေစက္ကူများအနက်မှ ဟောင်းနွမ်းပြီး လှည့်လည်သုံးစွဲရန်မသင့်သော ငွေစက္ကူအမျိုးအစားအသီးသီးတို့နှင့် "တန်ဖိုးတူ" လဲလှယ်ပေးခြင်းဖြင့်သာ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားပြီးဖြစ်ရာ မသမာသူတို့ ကောလာဟလထုတ်လွှင့်သကဲ့သို့ ငွေစက္ကူအမြောက်အမြား ရိုက်နှိပ်ထုတ်ဝေပြီး ငွေကြေးဖောင်းပွမှု ဖြစ်ပေါ်လာစေနိုင်သည့် အခြေအနေမျိုးမဟုတ်ဘဲ နိုင်ငံရေးထိုးနှက်ချက်နှင့် စီးပွားရေးဝိသမလောဘတို့ကြောင့်သာ ဈေးနှုန်းနှင့် ဈေးကွက်တို့တွင် ပုံမှန်မဟုတ်သော အနေအထားများ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။

မိမိတို့နိုင်ငံသည် သာမန်မဟုတ်သော နိုင်ငံရေးအခြေအနေတစ်ရပ်ကို ဖြတ်သန်းနေရချိန်ဖြစ်ပြီး အမျိုးမျိုးသော အနှောင့်အယှက်၊ အဖျက်အဆီးများက ပြည်သူလူထု၏ နေ့စဉ်လူမှုစီးပွားဘဝများကိုပါ တိုက်ရိုက်နှောင့်ယှက်ဖျက်ဆီးလျက်ရှိရာ သတင်းတု၊ သတင်းမှား၊ ကောလာဟလများအပါအဝင် ပြည်ပြေးများနှင့် ပြည်ဖျက်မီဒီယာများက ရည်ရွယ်ချက်ရှိရှိ ထုတ်လွှင့်လိုက်သော အာဘော်များဟူသမျှကို သတိတရားလက်ကိုင်ထား၍ မှန်မှန်ကန်ကန် ဆင်ခြင်သုံးသပ်နိုင်ကြရမည်ဖြစ်ပါကြောင်း။ ။



# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၂၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

**အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၂၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် Seminar Hall ၌ ကျင်းပသည်။**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်အမှူးပြုသော ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဒေါက်တာဘဒ္ဒန္တ ဆေကိန္ဒ အမှူးပြုသော သင်ကြားဆရာတော်ကြီးများ၊ သင်ကြားသီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဘွဲ့ရပြည်ပနိုင်ငံများမှ သံအမတ်ကြီးများ၊ အတွင်းဝန်များနှင့် သံရုံးတာဝန်ခံများ၊ ပြည်တွင်း၊ ပြည်ပနိုင်ငံများမှ ဘွဲ့ရသင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ သာရဏီယ အဖွင့်ဩဝါဒကထာကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် (သင်ကြား) ဆရာတော် ဒေါက်တာဘဒ္ဒန္တ နောဓိဉာဏက ဖတ်ကြားတော်မူသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် (၂၀၂၂ - ၂၀၂၃) ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (ဗုဒ္ဓဓမ္မ) ငါး ပါး/ဦး၊ မဟာဝိဇ္ဇာဘွဲ့ (ဗုဒ္ဓဓမ္မ) လေး ပါး/ဦး၊ ဝိဇ္ဇာဘွဲ့ (ဗုဒ္ဓဓမ္မ) ၃၇ ပါး/ဦး၊ ဘွဲ့ရပုဂ္ဂိုလ် စုစုပေါင်း ၄၆ ပါး/ဦးကို သက်ဆိုင်ရာဘွဲ့များ ပေးအပ်မည်ဖြစ်ကြောင်း သိရ၍ ဗုဒ္ဓ၏တရားတော်များကို လေ့လာဆည်းပူးခဲ့ကြသည့် သင်တန်းသားများ၏ အောင်မြင်မှုကို လှိုက်လှဲစွာ ဂုဏ်ယူပါကြောင်း၊ ထို့ပြင် ဤတက္ကသိုလ်ဆင်း ပြည်ပရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များကို ၎င်းတို့၏ သက်ဆိုင်ရာ နိုင်ငံအသီးသီးရှိ သာသနာရေးဗျူရိုဌာနများနှင့် ယင်းနိုင်ငံများရှိ ဗုဒ္ဓဘာသာ တက္ကသိုလ်များတွင် အဆင့်မြင့်ရာထူးများ ခန့်အပ်တာဝန်ပေးခြင်းခံရသည်ဟု သိရသည့်အတွက် လွန်စွာကျေနပ်အားရမိပါကြောင်း၊ ဤတက္ကသိုလ်မှ သင်ကြားဆရာတော်ကြီးများ အနေဖြင့်လည်း သင်တန်းသားများအား အရည်အချင်း ပြည့်ဝစေရန်နှင့် ၎င်းတို့ကို ဓမ္မလက်ဆောင် သင်ကြား ဖြန့်ဝေပေးခြင်းဖြင့် ကမ္ဘာသူ ကမ္ဘာသားတို့၏ ကောင်းကျိုးများ ရရှိစေရန်အတွက် ကြိုးပမ်းနေကြကြောင်း သိရသဖြင့် သင်ကြားဆရာတော်များနှင့် သင်တန်းသားများအားလုံးအတွက် အထူးဂုဏ်ယူဝမ်းမြောက်ရပါကြောင်း လျှောက်ထားသည်။

ယင်းနောက် ပါမောက္ခချုပ်ဆရာတော်က ဘွဲ့ရကျောင်းသားများကို တက္ကသိုလ်အဓိဋ္ဌာန် အမေး/အဖြေပြုပြီး သင်တန်းအသီးသီးသို့ တက်ရောက်အောင်မြင်ခဲ့ကြသော ပြည်တွင်း/ပြည်ပ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၆ ပါး/ ဦးတို့ကို ဘွဲ့နှင့်အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းတော်မူသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဝိဇ္ဇာဘွဲ့ (ဗုဒ္ဓဓမ္မ)တန်းမှ ပညာရည်ချွန် ထူးချွန်ဆုရရှိသော (Gold Medallist) ထူးချွန်ရွှေတံဆိပ်ဆုရှင် မြန်မာရဟန်းတော် ဘဒ္ဒန္တပညာဝရအား တက္ကသိုလ်က ချီးမြှင့်သည့် တစ်ကျပ်သား ရွှေစင်ရွှေပြားကို ပြည်ထောင်စုဝန်ကြီးက ပေးအပ်လှူဒါန်းချီးမြှင့်သည်။

ထို့နောက် ပါမောက္ခချုပ်ဆရာတော်က **"ဘွဲ့မှတ်တမ်းမော်ကွန်းစာအုပ်"** တွင် လက်မှတ်ရေးထိုးတော်မူပြီး ဘွဲ့ရကျောင်းသားများကို ဩဝါဒကထာ မြွက်ကြား ချီးမြှင့်တော်မူသည်။

အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ကို ၁၉၉၈ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ပြည်ပနိုင်ငံများနှင့် ပြည်တွင်းမှ ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များ တက်ရောက်သင်ကြားလျက်ရှိကာ ယနေ့အချိန်အထိ တက္ကသိုလ်သို့ တက်ရောက်အောင်မြင်ခဲ့သော ပြည်တွင်း ပြည်ပသင်တန်းသားများမှ ပါရဂူဘွဲ့ရရှိသူ ၄၅ ပါး/ဦး၊ မဟာဝိဇ္ဇာဘွဲ့ရရှိသူ ၂၃၃ ပါး/ဦး၊ ဝိဇ္ဇာဘွဲ့ရရှိသူ ၈၄၁ ပါး/ဦး၊ ဒီပလိုမာ အောင်လက်မှတ်ရရှိသူ ၁၂၇၆ ပါး/ဦး စုစုပေါင်း ၂၃၉၅ ပါး/ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ယခု ၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင် ပြည်တွင်း/ပြည်ပ သင်တန်းသား စုစုပေါင်း ၃၁၁ ပါး/ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

မြန်မာနိုင်ငံ၌ စစ်မှန်သော ထေရဝါဒဗုဒ္ဓဘာသာကို ပြည်တွင်း၌သာမက ပြည်ပမှပါ မည်သူမဆို ကျယ်ကျယ်ပြန့်ပြန့် လေ့လာသင်ယူနိုင်စေရန် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ကြီးကို ဖွင့်လှစ်ခဲ့ပြီး ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာနှင့် ပါဠိဘာသာရပ်များအပြင် သမထနှင့် ဝိပဿနာဟူသော ဗုဒ္ဓဓမ္မကိုပါ လက်တွေ့ကျကျ အထူးတာဝန်ယူ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၄**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**မိုး/ဇလ**

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စုဒ္ဒသမအစည်းအဝေး၌ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မင်းကျောင်းပထမပြန်စာသင်တိုက် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ

[ ၁၃၈၅-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက် (၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်) တနင်္လာနေ့]

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စုဒ္ဒသမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့ဘုရား-

သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ပါဝင်ကြသည့် ရဟန်းတော်အားလုံး စိတ်ဝမ်းမကွဲ တစ်သားတည်း ညီညွတ်နေလျှင် တပည့်တော်တို့ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာတော်တစ်ခုလုံး ဘေးရန်ကင်းကွာ ချမ်းသာနေမည်ဖြစ်ပါသည်။ သန့်ရှင်းတည်တံ့ ပြန့်ပွားနေမည်ဖြစ်ပါသည်ဘုရား။ နိုင်ငံသူ နိုင်ငံသားတို့ တစ်စိတ်တစ်ဝမ်းတည်း ညီညွတ်စည်းလုံးနေကြပါလျှင် တစ်နိုင်ငံလုံး ဘေးရန်ကင်းကွာ ချမ်းသာနေမည်ဖြစ်ပါသည်ဘုရား။

**"သခိလာ"**ဟူသော ပါဠိ၌ **"သခိလာ သိလိဋ္ဌာ မေတ္တာယ ခုရဂတာယ သောဘာမာနာ ဟောထာတိ အတ္ထော"** (အပဒါန၊ ဋ္ဌ၊ ၁၊ ၁၂၇) ဟူသော အဋ္ဌကထာ အဖွင့်နှင့်အညီ နူးညံ့ပြေပြစ် ချစ်ဖွယ်သောစကားကို ပြောဆိုတတ်သူသည် **"သခိလ"** မည်ပါသည်။ ထိုနူးညံ့ပြေပြစ် ချစ်ဖွယ်သောစကားကို ပြောဆိုတတ်သူ၏ဖြစ်ကြောင်း(ဝါ) ထိုနူးညံ့ပြေပြစ် ချစ်ဖွယ်သောစကားကို ပြောဆိုတတ်သူဖြစ်အောင် ပြုတတ်သော မဟာကုသိုလ်၊ မဟာကြိယာစိတ္တုပ္ပါဒ်ကို **"သာခလျ"** ဟု ခေါ်ဆိုပါသည်ဘုရား။ **"တတ္ထ ကတမံ သာခလျံ၊ ယာ သာ ဝါစာ အဏ္ဍကာ ကက္ကသာ ပရကဋုကာ ပရာဘိသဇ္ဇနီ ကောဓသာမန္တာ အသမာဓိသံဝတ္တနိကာ တထာရူပိံ ဝါစံ ပဟာယ ယာ သာ ဝါစာ နေဠာ ကဏ္ဏသုခါ ပေမနိယာ ဟဒယင်္ဂမာ ပေါရီ ဗဟုဇနကန္တာ ဗဟုဇနမနာပါ တထာရူပိံ ဝါစံ ဘာသိတာ ဟောတိ၊ ယာ တတ္ထ သဏှဝါစတာ သခိလဝါစတာ အဖရုသဝါစတာ။ ဣဒံ ဝုစ္စတိ သာခလျံ"** (ဏီ၊ ၂၀၆) ဟူသော ဓမ္မသင်္ဂဏီပါဠိတော်နှင့်အညီ တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက အရှင်မြတ်တို့သည် သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာဟူသည့် သာသနာ့ကိစ္စအဝဝတို့ကို တိုင်ပင်ဆွေးနွေးညှိနှိုင်း ပြောဆိုကြရာ၌ နူးညံ့ပြေပြစ်ချစ်ဖွယ်စကား ပြောကြားမိန့်ဆိုတတ်သော **"သခိလ"** ပုဂ္ဂိုလ်မြတ်များ ဖြစ်တော်မူကြ၍ **"သာခလျ"** ဟု ခေါ်ဆိုအပ်သော မဟာကုသိုလ် စိတ္တုပ္ပါဒ်များ အထပ်ထပ်ဖြစ်ပွားစေ



ကြရမည်ဖြစ်ပါသည်ဘုရား။

ထိုသို့ သာခလျဟု ခေါ်ဆိုအပ်သော မဟာကုသိုလ်စိတ္တုပ္ပါဒ်များ အစဉ်မပြတ် ဇောအထပ်ထပ်ဖြစ်စေရန်-

| | |
|---|---|
| အဏ္ဍကာ | - ခုံသန၊ ဝမ္ဘန စသောစကားတို့ဖြင့် မပြေမပြစ် အဖုအထစ်ရှိသော စကား၊ |
| ကက္ကသ | - ကြမ်းတမ်းသော၊ နားမချမ်းသာဖွယ်ဖြစ်သောစကား၊ |
| ပရကဋုက | - သူတစ်ပါးတို့အတွက် ခါးစပ်သော အရသာနှင့်တူသော စကား၊ |
| ပရာဘိသဇ္ဇနီ | - သွားလိုရာသွားခွင့်မပေးဘဲ ငြိတွယ်တတ်သော ဆူးခက်ကဲ့သို့ သူတစ်ပါးတို့စိတ်၌ ထိုးဆွ၍ ထိုးဆွ၍ လွန်စွာငြိကပ်တတ်၊ သူတစ်ပါးတို့ စိတ်ကို ထိခိုက်စေတတ်သော စကား၊ |
| ကောဓ သာမန္တာ | - အမျက်ဒေါသ၏အနီးအပါး၌ဖြစ်သော အမျက်ဒေါသ ထွက်လောက်အောင်ဖြစ်သော စကား၊ |
| အသမာဓိ သံဝတ္တနိကာ | - ဥပစာရသမာဓိ၊ အပ္ပနာသမာဓိကို မဖြစ်စေတတ်သော စကား၊ |

ဤခြောက်မျိုးသော စကားတို့ကို ပယ်ရှားတော်မူကြရမည်ဖြစ်ပါသည် ဘုရား။

| | |
|---|---|
| ထို့အပြင် နေဠာ | - အပြစ်ကင်းစင်သော စကား၊ |
| ကဏ္ဏသုခ | - နားချမ်းသာသော (နားဝင်ချိုသော) စကား၊ |
| ပေမနီယ | - ချစ်ခင်နှစ်သက်ဖွယ် မြတ်နိုးဖွယ်သော စကား၊ |
| ဟဒယင်္ဂမ | - မထိခိုက်ဘဲ ချမ်းသာစွာ စိတ်နှလုံးသို့ သက်ဝင်သော စကား၊ |
| ပေါရီ | - မြို့ကြီးသူတို့၏ စကားသဖွယ် ယဉ်ကျေးသော စကား၊ |
| ဗဟုဇနကန္တ | - လူအများနှစ်သက်အပ်သောစကား၊ |
| ဗဟုဇနမနာပ | - နှစ်သက်မြတ်နိုးအပ်သည်၏အဖြစ်ဖြင့် လူအများ၏စိတ်ကို တိုးပွားစေတတ်သော စကား၊ |

ဤခုနစ်မျိုးသော စကားတို့ကိုသာ ပြောဆိုဆွေးနွေးတော်မူကြပါရန် လျှောက်ထားပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

ဤအဆုံးအမဩဝါဒသည် ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူပြီးကြကုန်သော အဆူဆူသော ဘုရားရှင်တို့၏ အဆုံးအမဩဝါဒဖြစ်ပါသည် ဘုရား။ ထို့ကြောင့် ဘုရားရှင်၏ တပည့်သားတော်များဖြစ်ကြကုန်သော တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့အနေဖြင့် ဤအဆုံးအမ ဩဝါဒကို လေးလေးနက်နက် ခံယူကြကာ လိုက်နာကျင့်သုံးတော်မူကြပါရန် လျှောက်ထားရင်း တပည့်တော်၏ ဩဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်အပ်ပါသည် ဘုရား။

❁ *ရှေ့ဖုံးမှ*

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

**အစည်းအဝေး အထမြောက်အောင်မြင်**

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက် အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

**(သာရဏီယ ဩဝါဒကထာကို သီးခြားဖော်ပြထားပါသည်)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တတိယအဖွဲ့ခွဲ၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညက တင်သွင်းလျှောက်ထားပြီး အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တတိယအဖွဲ့ခွဲ၏ စတုတ္ထအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ထို့နောက် ဝိနိစ္ဆယရေးရာကိစ္စများကို တင်ပြလျှောက်ထားရာနိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် ရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ၄၇ ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ပထမနေ့ ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စရပ်များကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ရပ်နားသည်။

**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား အရုဏ်ဆွမ်းအလှူရှင်အဖြစ် ဖခင် ဦးမောင်မောင်၊ မိခင် ဒေါ်ခင်ခင်ကြီးတို့ကို ရည်စူး၍ သမီး(သဒ္ဓမ္မဇောတိကဓဇ)ဒေါ်ပြုံးဝေသီနှင့် နေ့ဆွမ်းအလှူရှင်အဖြစ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)၊ ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြုသည့် ဓမ္မမိတ်ဆွေများက ဆက်ကပ်လှူဒါန်းကြသည်။ **သတင်းစဉ်**



## ကျိုင်းတုံမြို့နယ်ရှိ ဆရာတော်၊ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်

**နေပြည်တော် ဇူလိုင် ၂၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွင်းရှိ တောင်တန်း သာသနာပြုကျောင်း ၂၅ ကျောင်းမှ ဆရာတော်၊ သံဃာတော်များအား တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က ယနေ့တွင် ကျိုင်းတုံမြို့ ရပ်တော်မူ ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို) ကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆရာတော်၊ သံဃာတော် ၆၈ ပါးအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ အရိုးအကြောရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ဓာတ်မှန်ရိုက်ကူးပေးခြင်း၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် အဖွဲ့ဝင်များက သွားရောက် ကြည့်ရှုအားပေးပြီး ဆရာတော်၊ သံဃာတော်များ၏ တစ်ပါးချင်း ရောဂါဖြစ်ပွားမှုအခြေအနေများအား မေးမြန်းလျှောက်ထားကာ ဆေးရုံတက်ရောက်ရန် လိုအပ်သော သံဃာတော်များအား ကျိုင်းတုံမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အစည်းအဝေးကျင်းပ

## ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အမျိုးအစား လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု လုပ်ငန်းများအပါအဝင် လုပ်ငန်းသစ် ၁၀ ခုခွင့်ပြု

**နေပြည်တော် ဇူလိုင် ၂၄**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် (၂/၂၀၂၃) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ကော်မရှင် အဖွဲ့ဝင်များ တက်ရောက်ကြသည်။



**လုပ်ငန်းသစ် ၁၀ ခုကို ခွင့်ပြု**

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၀ ခု၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် လျှပ်စစ်ကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၁၀ ခုကို ခွင့်ပြုပေးခဲ့သည်။

အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၄၆ ဒသမ ၁၅၈ သန်းနှင့် ငွေကျပ် ၂၅၄၉၅၁ ဒသမ ၄၄၂ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၇၆၄၀ ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ယနေ့အစည်းအဝေးက ခွင့်ပြုခဲ့သော လုပ်ငန်းများတွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အမျိုးအစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများလည်း ပါဝင်သည်။

**ရင်းနှီးမြှုပ်နှံထား**

၂၀၂၃ ခုနှစ် ဇွန်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ ဒေသပေါင်း ၅၂ ခုအနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၂၅ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၅၉ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၃၉ ရာခိုင်နှုန်းဖြင့် လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာများအား စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကို လည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။ **သတင်းစဉ်**

# ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များကို နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်

**နေပြည်တော် ဇူလိုင် ၂၄**

ကျန်းမာရေးဝန်ကြီးဌာနတွင် ဆရာဝန်(သစ်လွင်) များနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်) များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိများအဖြစ် တာဝန်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ Stadium (B)၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အလုပ်သင်ကာလ ပြီးမြောက်ခဲ့သည့် ဆရာဝန် (သစ်လွင်) ၃၂၆ ဦးနှင့် သွားနှင့်ခံတွင်းဆရာဝန် (သစ်လွင်) ၆၅ ဦးတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာ အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုကို လူတိုင်းလက်လှမ်းမီစေရေးအတွက် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ယခုထက်ပိုမို၍ အဆင့်မြှင့်တင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌ ဆေးရုံ/ ဆေးခန်း အဆောက်အအုံများ၊ ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ စက်ကိရိယာများ ပြည့်စုံရန် လိုအပ်သကဲ့သို့ အရည်အချင်းပြည့်ဝသည့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် လုံလောက်စွာရှိရမည်ဖြစ်ကြောင်း ဆရာဝန်(သစ်လွင်) များနှင့် သွားနှင့် ခံတွင်းဆရာဝန် (သစ်လွင်) များအနေဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရာတွင် မိမိတို့အနေဖြင့် မည်သည့်ဒေသက လာရောက်သည်ဖြစ်စေ တာဝန်ကျရာဒေသအတွင်းတွင် နေထိုင်သည့် ပြည်သူများအပေါ် တစ်သွေးတည်း တစ်သားတည်း၊ ညီရင်းအစ်ကို၊ မောင်ရင်းနှမကဲ့သို့ သဘောထား၍ ကျန်းမာရေးစောင့်ရှောက်မှုများ အရည်အသွေးပြည့်ဝစွာပေးနိုင်ရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း။



နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်း ဘွဲ့လွန်ဒီပလိုမာသင်တန်းများ၊ မဟာသိပ္ပံသင်တန်းများနှင့် ပါရဂူသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံတကာ စာမေးပွဲများဖြစ်သည့် MRCP၊ MRCS၊ MRCOG စသည်တို့ ဖြေဆိုနိုင်ရေးအပါအဝင် ပြည်ပဘွဲ့လွန်သင်တန်းများကိုလည်း ခွင့်ပြုစေလွှတ်ပေးလျက်ရှိပြီး ပညာရပ်နယ်ပယ်အသီးသီးတွင် အရည်အသွေးမြင့်မားသည့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ အလုံအလောက် လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများ အားကိုးအားထားပြုရသည့် ထူးချွန်အောင်မြင်သော ဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပြီး ဆေးပညာရှင်များ၏ ကျင့်ဝတ်သိက္ခာနှင့်ပြည့်စုံသော ဆရာဝန်များ၊ သွားနှင့်ခံတွင်း ဆရာဝန်များဖြစ်ကြစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ ဆေးတက္ကသိုလ်(မန္တလေး) နှင့် ဆေးတက္ကသိုလ်(မကွေး)တို့ရှိ ဆရာဝန်(သစ်လွင်) များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) နှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး) တို့ရှိ သွားနှင့် ခံတွင်းဆရာဝန် (သစ်လွင်) များကို နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင် အရာရှိများအဖြစ် တာဝန်ပေးအပ်သည့် အမိန့်ကြော်ငြာစာများ ပေးအပ်သည်။ (ဝဲပုံ) **သတင်းစဉ်**

## တိုင်ဖွန်းမုန်တိုင်း “ဒေါ့ဆူရီ” အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်

**နေပြည်တော် ဇူလိုင် ၂၄**

ထူးခြားသည့်အခြေအနေမှာ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဖိလစ်ပိုင်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း “ဒေါ့ဆူရီ” သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မတ္တရာမြို့တွင် ၆ ဒသမ ၇၇ လက်မ၊ ဝမ်းတွင်းမြို့တွင် ၅ ဒသမ ၁၈ လက်မ၊ ပြင်ဦးလွင်(ဇီးပင်ကြီး)တွင် ၄ ဒသမ ၆၁ လက်မ၊ ငါးသိုင်းချောင်းမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ ကျိုက်ဒုံမြို့တွင် ၂ ဒသမ ၇၂ လက်မ၊ ခန္တီးမြို့တွင် ၂ ဒသမ ၆၃ လက်မ၊ ပုသိမ်ကြီးမြို့တွင် ၁ ဒသမ ၈၇ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၁ ဒသမ ၇၃ လက်မနှင့် မချမ်းဘောမြို့တွင် ၁ ဒသမ ၆၁ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## သံတွဲမြို့နယ်၌ စပါးဧက ၁၀၀ တွင် တစ်ဧက တင်း ၁၀၀ ထွက်ရှိရေး ကွင်းသရုပ်ပြပွဲပြုလုပ်

**သံတွဲ ဇူလိုင် ၂၄**

သံတွဲမြို့နယ်၌ စပါးဧက ၁၀၀ တွင် တစ်ဧက တင်း ၁၀၀ ထွက်ရှိရေး စံပြကွက် ကွင်းသရုပ်ပြပွဲကို ယမန်နေ့ နံနက် ၉ နာရီက အလယ်ရွာကျေးရွာရှိ တောင်သူ ဦးတင်ထွန်းနှင့် ဦးခင်မောင်သိန်းတို့၏ လယ်ယာမြေ၌ ပြုလုပ်သည်။ **(ယာပုံ)**

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးချစ်နှင့်အဖွဲ့ဝင်များသည် အလယ်ရွာကျေးရွာရှိ တောင်သူ ဦးတင်ထွန်းနှင့် ဦးခင်မောင်သိန်းတို့၏ လယ်ယာမြေ စံပြစိုက်ကွက်အတွင်း GW-11 စပါးမျိုးများ စိုက်ပျိုးထားရှိမှုအခြေအနေနှင့် စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးရာ ခရိုင်ဦးစီးမှူး ဦးအောင်မိုးမြင့်က မျိုးစပါး ပျိုးထောင်ထားရှိမှု၊ ရေတော်မိုးတော်စိုက်ပျိုးရမည့် နည်းလမ်းများနှင့် သတ်မှတ်အထွက်နှုန်းလျာထားချက် ပြည့်မီအောင် ထွက်ရှိရေးအတွက် တောင်သူများအား အသိပညာဖြန့်ဝေ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။



သံတွဲမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အလယ်ရွာကျေးရွာ၌ ဧက ၁၀၀ တွင်တစ်ဧကတင်း ၁၀၀ ထွက်ရှိရေး စံပြကွက်တွင် GW-11 ၇၀ ဒသမ ၀၀ ဧကနှင့် ဆင်းသုခ ၃၀ ဒသမ ၀၀ ဧက စုစုပေါင်း ဧက ၁၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူးထံမှ သိရသည်။ **သန့်ဇင်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲဖွင့်ပွဲ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၂၄**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဖူဆယ်ပြိုင်ပွဲရုံ၌ ကျင်းပသည်။





အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဦးမောင်ကို၊ ဒေါက်တာ အောင်ကျော်မင်း၊ ဒေါက်တာ ကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။



အခမ်းအနားတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲမှ ထူးချွန်ထက်မြက်သည့် သွေးသစ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ဖြစ်ပါကြောင်း၊ ပြိုင်ပွဲမှတစ်ဆင့် သွေးသစ်လူငယ်ဘောလုံးသမားများကို ရွေးချယ်လေ့ကျင့် ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားပါကြောင်း၊ ထို့ကြောင့် ပြိုင်ပွဲ၏အနှစ်သာရများအကောင်အထည်ပေါ်လာအောင် တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေ လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးတို့သည် ပြိုင်ပွဲဝင် အားကစားအသင်းများမှ အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး **(ဝဲပုံ)** ယနေ့ အမျိုးသားပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အသင်းတို့၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လာရောက်ယှဉ်ပြိုင်ကြသည့် ဖူဆယ်အားကစားသမားများ အချင်းချင်း သွေးစည်းညီညွတ်မှု ခိုင်မာလာရေး၊ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုထွန်းကား ပြန့်ပွားလာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဖူဆယ်အားကစားနည်းများ ပြန့်ပွားလာစေရေး၊ လူငယ်များ ဖူဆယ်အားကစားနည်းကို ပိုမိုစိတ်ဝင်စားလာစေရေးနှင့် မြန်မာ့ဖူဆယ် အားကစားအဆင့်အတန်း တိုးတက် မြင့်မားလာစေရေး အတွက် ရည်ရွယ်၍ ကျင်းပပေးခြင်း ဖြစ်သည်။

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲကို ဇူလိုင် ၂၄ ရက်မှ ၃၁ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ပြိုင်ပွဲရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၁ သင်း၊ အားကစားသမား စုစုပေါင်း ၃၅၀ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းနှင့် စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်နှင့် ရှမ်းပြည်နယ်အတွင်း ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံး(Seed Balls)များ ကြဲချ

**နေပြည်တော် ဇူလိုင် ၂၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ရှမ်းပြည်နယ်အတွင်းရှိ တောနိမ့်တောပါး လေးနေရာ၌ ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများ ကြဲချခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် မိုးရာသီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဆင်သေချောင်းရေဝေရေလဲဧရိယာအတွင်း အထက်ဆင်သေကြိုးဝိုင်း အကွက်အမှတ် (၅၉) ရှိ နေရာ နှစ်နေရာ၊ ဧရိယာ ၁၀ ဒသမ ၅ ဧကတွင် ဒေသနှင့်ကိုက်ညီသော သစ်ပင်အမျိုးအစား ရှစ်မျိုးဖြစ်သည့် မြန်မာကုက္ကို၊ သဘော်ကုက္ကို၊ စစ်၊ မဲဇလီ၊ ဘောစကိုင်း၊ ဘုံမဲဇာ၊ မန်ဂျန်ရှားနှင့် ရေသကျည်းသစ်စေ့များဖြင့် ပြုလုပ်ထားသော သစ်စေ့မြေလုံးစုစုပေါင်း ၁၀၀၀၀၀ နှင့် နေပြည်တော်ကောင်စီမှ ပေးပို့လှူဒါန်းသည့် မန်ကျည်းစေ့ ၁၀၀၀၀၀ ကြဲချခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေးကန် ရေဝေရေလဲဧရိယာအတွင်း အင်းလေးအနောက် ကြိုးပြင်ကာကွယ်တောရှိ နေရာနှစ်နေရာ၊ ဧရိယာ ၂၉၃ ဧကတွင် ဒေသနှင့်ကိုက်ညီသော သစ်ပင်အမျိုးအစား ခြောက်မျိုးဖြစ်သည့် မဲဇလီ၊ ကုလားကုက္ကို၊ ရင်းမာ၊ ပျဉ်းမ၊ ရေသကျည်း၊ ဘောစကိုင်း၊ သစ်စေ့များဖြင့် ပြုလုပ်ထားသော သစ်စေ့မြေလုံး ၂၀၀၀၀၀ ကြဲချခဲ့သည်။



အလားတူ ၂၀၂၂ ခုနှစ် မိုးရာသီကလည်း တပ်မတော်လေ ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးကြဲခြင်းကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဆင်သေချောင်း ရေဝေရေလဲဧရိယာတွင် အလုံး ၁၀၀၀၀၀၊ ရှမ်းပြည်နယ် အင်းလေးကန် ရေဝေရေလဲဧရိယာတွင် အလုံး ၂၀၀၀၀၀ စုစုပေါင်း ၃၀၀၀၀၀ ကြဲချစိုက်ပျိုးသည်။

သစ်စေ့မြေလုံးကြဲချစိုက်ပျိုးခြင်းသည် ကုန်ကျစရိတ်သက်သာခြင်း၊ လူအင်အားအနည်းငယ်ဖြင့် ဧရိယာကျယ်ဝန်းစွာ စိုက်ပျိုးဆောင်ရွက်နိုင်ခြင်း၊ သွားလာရန်ခက်ခဲသည့် တောင်ကုန်း၊ တောင်တန်းများတွင် ရဟတ်ယာဉ်များဖြင့် ဆောင်ရွက်နိုင်ခြင်း၊ အချိန်တိုအတွင်း ဧရိယာကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်းတို့အပြင် ပျိုးပင်ဖြင့် စိုက်ပျိုးခြင်းကဲ့သို့ ရှင်သန်အောင်မြင်မှု အထိုက်အလျောက် ထိရောက်မှုရှိကြောင်းနှင့် ၂၀၂၃ ခုနှစ် မိုးရာသီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်ရှိ ဆင်သေချောင်း ရေဝေရေလဲဒေသနှင့် ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေးကန် ရေဝေရေလဲဒေသများတွင် သစ်စေ့ကြဲချခြင်း အောင်မြင်ရှင်သန်မှုအခြေအနေများကို နမူနာကွက်များပြုလုပ်၍ အပင်ပေါက်ရောက်မှုကာလနှင့် သစ်စေ့မျိုးအလိုက် ပေါက်ရောက်ရှင်သန်နိုင်မှုအခြေအနေကို စာရင်းကောက်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ်၌ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းနှင့် Unique ID ထုတ်ပေးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခြင်းကို ဇွန် ၂၆ ရက်မှ စတင်ကာ ဆောင်ရွက်ပေးလျက်ရှိပြီး ယနေ့တွင်လည်း အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။ **(ယာပုံ)**

ထိုသို့ဆောင်ရွက်ခြင်းကို အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီစိုးနှင့် ဝန်ထမ်းများက အင်းစိန်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ယူဆောင်လာစေပြီး ဇီဝဆိုင်ရာအချက်အလက် စိစစ်ကောက်ယူ၍ Database တွင် သိမ်းဆည်းကာ မတူညီဂဏန်း ၁၀ လုံး ပါဝင်သည့် Unique ID နံပါတ်ကတ်ပြားများကို နေ့ချင်းပြီး ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**



# ထေရဝါဒ ဗုဒ္ဓဘာသာဝင်များ ညွတ်တွားပူဇော်ဖူးမျှော် ကြည်ညိုကြရမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး

ဘကြီးကောင်း

**ပြာလဲ့လဲ့မိုးကောင်းကင်နှင့် ဖြူလွလွတိမ်ပန်းချီတို့ကိုနောက်ခံပြု၍ အချိုးတကျ သပ္ပာယ်တော်မူလှသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တီဗွီဖန်သားပြင်မှတစ်ဆင့် ဖူးမြော်ရရုံဖြင့် ပီတိ သောမနအဝဝနှင့်အတူ ကြည်ညိုသဒ္ဓါကုသိုလ် အဖြာဖြာပွားများရပါသည်။**



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသော ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်အနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ခေတ်အလိုက် တည်ထားဆောင်ရွက်ခဲ့သည့် ရုပ်ပွားတော်များထဲမှ အကောင်းဆုံးဖြစ်သည့် ရတနာပုံခေတ်ဟန် ဘူမိဖဿပုံစံဖြင့် တည်ထားကိုးကွယ်နိုင်ရေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မာရဝိဇယ"ဟူသည့် ဘွဲ့အမည်နှင့်အတူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်မှုအချောသပ်လုပ်ငန်းနှင့် ဆေးသင်္ကန်းကပ်ခြင်း၊ ဥဏ္ဏာလုံမွေးရှင်တော်မြတ်ကို တပ်ဆင်ပူဇော်ခြင်း စသည့်လုပ်ငန်းအဝဝကိုလည်း ဩဝါဒါစရိယဆရာတော်ကြီးများ၏ မိန့်ကြားချက်အရ ဩဝါဒခံယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**ကျွမ်းကျင်ပညာရှင်များဖြင့် ဆောင်ရွက်ခဲ့**

မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ် နှောင်းပိုင်းတွင် ယခင်နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဘုရားကြီး တည်ထားကိုးကွယ်ရန်အတွက် ၎င်းထံလှူဒါန်းထားသည့် စကျင်ကျောက်တော်ကြီးကို တပ်မတော်မှ ဦးဆောင်၍ ဘုရားတည်ထားရန်အတွက် လွှဲအပ်ခဲ့ကြောင်း၊ အဆိုပါ ကျောက်တော်ကြီးကို တူးဖော်ရရှိရေးအတွက် ကျွမ်းကျင်ပညာရှင်များဖြင့် အသေးစိတ်စစ်ဆေးတွက်ချက်ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှစတင်တူးဖော်ခဲ့ပြီး ၂၀၁၉ ခုနှစ် မတ်လတွင် အမြင့် ၆၅ ပေ၊ ရှေ့အလျား ၁၅၄ ပေ၊ ထုပေ ၂၀ ရှိ A အဆင့်ရှိသည့် ကျောက်တော်ကြီးကို အကြမ်းထည်ပုံဖော်နိုင်ခဲ့ကြောင်း၊ ဆင်းတုတော်ထုဆစ်ရန်အတွက် တွက်ချက်ဆောင်ရွက်ရာတွင် အချို့ကျောက်သားနေရာများ၌ လိုအပ်ချက်များရှိခြင်းကြောင့် ကျောက်သားများထပ်မံထည့်သွင်းရန် စီစဉ်ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃ ရက်တွင် ကျောက်တုံးတော်ကြီးများကို အခမ်းအနားဖြင့် စတင်ပင့်ဆောင်ခဲ့သည်။ ကျောက်တုံးတော်ကြီးများ ထိခိုက်မှုမရှိစေရေးအတွက် စုစုပေါင်း ကိုးကြိမ် စနစ်တကျပင့်ဆောင်ခဲ့ရာ တန်ချိန်အားဖြင့် ၈၁၅၈ တန်ဖြစ်သည်။ ရေလမ်းခရီးဖြင့် စကျင်ကျောက်တုံးကြီးကို သယ်ဆောင်ခြင်းသည် ကမ္ဘာပေါ်တွင် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

**အလေးချိန်အားဖြင့် ၇၆၃၂ တန်ဖြစ်**

စက်တင်ဘာလ ၁၈ ရက်နေ့တွင် ကျောက်တုံးတော်ကြီးများအားလုံး ဆီမီးခုံဆိပ်ကမ်းသို့ ရောက်ရှိခဲ့သည်။ ဆီမီးခုံဆိပ်ကမ်းမှ စကားအင်းအဝိုင်းအကြား ကျောက်တုံးတော်ကြီးများ ချောမွေ့စွာ သယ်ယူနိုင်ရေးအတွက် ၂၂ မိုင် ၅ ဖာလုံအရှည်လမ်းအား ဆောင်ရွက်ခဲ့ပြီး နေပြည်တော်သို့ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် စတင်ပင့်ဆောင်ခဲ့သည်။ ကျောက်တုံးကြီးများကို ကုန်းလမ်းခရီးဖြင့် သယ်ယူရာတွင် စုစုပေါင်း ခုနစ်ခေါက် သယ်ယူခဲ့ရပြီး အလေးချိန်အားဖြင့် ၇၆၃၂ တန်ဖြစ်ကြောင်း သိရသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားမည့်နေရာတွင် တန်ချိန် ၂၀၀၀၀ ခံနိုင်ရည်ရှိသည့် အောက်ခံခုံတည်ဆောက်နိုင်ရန်အတွက် ဘိုးပိုင်များရိုက်၍ ဆောင်ရွက်ခဲ့သည်။ ပလ္လင်တော်အစိတ်အပိုင်းများ ပင့်ဆောင်နေရာချထားခြင်းနှင့် တွဲဆက်ခြင်းများကို စနစ်တကျဆောင်ရွက်ခဲ့ပြီး ပလ္လင်တော်အစိတ်အပိုင်းများကို ထုဆစ်ရာတွင်လည်း CNC စက်ကြီးများဖြင့် ထုဆစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**CNC စက်များဖြင့် အဆင့်ဆင့်ထွင်းထုခဲ့**

ဆင်းတုတော်ကြီးအား ထုဆစ်ရာတွင်လည်း ကိုးပေအရွယ်ရှိသည့် ကျောက်ဆစ်ရုပ်ပွားတော်ကို နမူနာထုဆစ်၍ ဆောင်ရွက်ခဲ့ပြီး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူဆောင်ရွက်ခဲ့ကြောင်း၊ ဆင်းတုတော်ကြီးကိုလည်း အပိုင်းလိုက်ခွဲ၍ CNC စက်များဖြင့် အဆင့်ဆင့် ထွင်းထုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်းများ တွဲဆက်ရာတွင် ခိုင်မာမှုရှိစေရေးအတွက် ခေတ်မီနည်းပညာများဖြင့် ဆောင်ရွက်ထားရှိကြောင်း၊ အလားတူ တွဲဆက်ထားသည့် ဆင်းတုတော်အပိုင်းများကို ပင့်ဆောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် တပ်မတော်အင်ဂျင်နီယာ တပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်ပြီး ပြည်ပ ပညာရှင်များလုံးဝပါရှိခြင်း မရှိကြောင်း သိရသည်။

**ရေရှည်တည်တံ့ခိုင်မြဲစေရေး တွက်ချက်တည်ဆောက်ခဲ့**

ရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက်လည်း တန်ချိန် ၂၀၀၀၀ အထိ ခိုင်ခံ့သော အောက်ခံအမာရရှိရေး၊ တစ်နာရီ လေတိုက်နှုန်း မိုင် ၁၂၀ ရှိသည့် လေပြင်းမုန်တိုင်းတိုက်ခတ်မှုဒဏ်ခံနိုင်ရေး၊ မြန်မာနိုင်ငံတွင် အမြင့်ဆုံးလှုပ်ခတ်နိုင်သည့် ရစ်ချ်တာစကေး ၈ ဒသမ ၈ အထိ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် လျှပ်စီးမိုးကြိုးများကြောင့် ဆင်းတုတော်ကြီး ထိခိုက်မှုမရှိစေရေးတို့အတွက် အင်ဂျင်နီယာရှုထောင့်မှ စနစ်တကျတွက်ချက်တည်ဆောက်ခဲ့ကြောင်း သိရသည်။

ဘုရားကြီးတည်ထားကိုးကွယ်ရေးဆောင်ရွက်ရာတွင် နိုင်ငံ့ဂုဏ်ဆောင်၍ ခမ်းခမ်းနားနား ထင်ထင်ပေါ်ပေါ်ရှိစေရေးအတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်နှင့်အတူ သံဃာတော်အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သည့် အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိ သာသနာ့ဗိမာန် အဂ္ဂါမိပတိဝိသုံဂါမသိမ်တော်ကြီး၊ ပိဋကတ် သုံးပုံအား ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်ထက်အက္ခရာတင် ရေးထိုးထားသည့် ကျောက်စာတော်အပါအဝင် ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်များပြည့်စုံစွာ ထည့်သွင်းတည်ဆောက်ထားသော မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီးကိုလည်း တည်ဆောက်လျက်ရှိသည်။

**(၇)ရက်သားသမီးများ ကုသိုလ်ပစ္စည်းများ ဌာပနာသွင်းလှူပူဇော်ခဲ့**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက်၌ ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် ဖေဖော်ဝါရီ ၁၀ ရက်တွင် ရတနာပလ္လင်တော်ထက်၌ ဒုတိယအကြိမ် ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားတို့ကို ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးမှ (၇)ရက်သားသမီးများ၊ ဘုရားဒါယကာ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ကုသိုလ်ပြုလှူဒါန်းထားသည့် အဖိုးတန်ကျောက်မျက်ရတနာ ဌာပနာတော် ကုသိုလ်ပစ္စည်းများ ဌာပနာသွင်းလှူပူဇော်ခဲ့ကြသည်။

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇွန် ၂၉ ရက် နံနက်က ကျင်းပခဲ့သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှု အခြေအနေများ ရှင်းလင်းပြသခြင်းအခမ်းအနားတွင် တည်ထားကိုးကွယ်ရခြင်းနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါသည်။

ထိုသို့ ရှင်းလင်းပြောကြားရာတွင် "မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းနှင့်ပတ်သက်၍ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှု ဖြစ်စေရန်ဟူသည့် ရည်ရွယ်ချက် (၄) ရပ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း" ထည့်သွင်းပြောကြားခဲ့ပါသည်။

ရည်ရွယ်ချက်(၄)ရပ်အနက် "မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုကို ပြသရန်နှင့် မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓ ဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်" ဟူသည့် ရည်ရွယ်ချက်နှစ်ရပ်ကား အဓိပ္ပာယ်လေးနက်ကျယ်ဝန်းလှပါသည်။ မြန်မာနိုင်ငံ၏ ထေရဝါဒဗုဒ္ဓသာသနာ့သမိုင်းကို ခြေခြေမြစ်မြစ် ထဲထဲဝင်ဝင်မလေ့လာ၊ မသိရှိသူများအဖို့မှု နားလည်သဘောပေါက်ဖို့ ခက်ခဲပေလိမ့်မည်။ တကယ်တော့ မြန်မာနှင့် ထေရဝါဒဗုဒ္ဓသာသနာသည် ခွဲ၍မရပါ။

ဂိုဏ်းကွဲ ဂိုဏ်းဖျားများအချင်းချင်း အပြိုင်အဆိုင် မတိုက်ခိုက်ကြမီကပင် ထေရဝါဒ ပင်စည်ပင်မ ဗုဒ္ဓသာသနာတော်သည် အိန္ဒိယအတွင်း ခုနစ်ဌာန၊ သီဟိုဠ်(ယခု သီရိလင်္ကာ)၊ မြန်မာ နှစ်ဌာနအားဖြင့် စောစီးစွာကြို၍တင်၍ နေရာယူထားပြီးဖြစ်၏။ မည်သည့် အရောအနှော အပိုအလိုမရှိ သန့်စင်ကောင်းမွန်စွာ မြင့်မားသောအရှိန်အဟုန်ဖြင့် အခိုင်အမာ တစ်သီးတခြားတပ်စွဲနေနှင့်ကြပြီးဖြစ်လေပြီဟု ပညာရှင်များက သမိုင်းအထောက်အထားများနှင့် မှတ်တမ်းတင် ဖော်ပြခဲ့ပါသည်။

**ဘုရားပွင့်တော်မူစကတည်းက ထေရဝါဒနှင့်အတူ ယဉ်ကျေးသော လူမျိုးများဖြစ်**

ရှေးဦး မြန်မာနိုင်ငံသမိုင်းကိုကြည့်လျှင် မြန်မာနိုင်ငံသည် သာသနာတော်ခေတ် စော၍ အရိယာပေါ်များသော ထေရဝါဒနိုင်ငံကြီး တစ်နိုင်ငံဖြစ်ကြောင်း မြေပေါ်မြေအောက်သမိုင်းများက ဖော်ပြလျက်ရှိသည်။ မည်မျှပင် သမိုင်းကွင်းဆက်များ ပျောက်ခဲ့သော်ငြားလည်း မြေပေါ်မြေအောက်ရနိုင်သမျှ အထောက်အထားများဖြင့်ပင် ဘုရားပွင့်တော်မူစကတည်းက ရရှိခဲ့သော ထေရဝါဒနှင့်အတူ ယဉ်ကျေးသော လူမျိုးများဖြစ်ကြောင်းကိုကား ယုံမှားစရာ မရှိပေ။

ဗိဿနိုး၊ သရေခေတ္တရာနှင့် ဟန်လင်း၊ ပျူတို့သည် ပုဂံနေပြည်တော်မရောက်မီ တစ်ပြည်နှင့်တစ်ပြည် မရှေးမနှောင်းတည်ရှိခဲ့ကြသော ရှေးဦးမြန်မာပျူနိုင်ငံတော်ကြီး ဖြစ်ကြသည်။ ရာဇဝင်များ၌ ဟန်လင်းအကြောင်း

*စာမျက်နှာ ၇ သို့*

**"မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းနှင့်ပတ်သက်၍ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှု ဖြစ်စေရန်ဟူသည့် ရည်ရွယ်ချက် (၄) ရပ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကိုယ်တိုင်စိုက်ပျိုး မွေးမြူထုတ်လုပ်သူများ၏ တိုက်ရိုက်အရောင်းဆိုင်များ ရောင်းချနေမှုကြည့်ရှု



ပဲခူး ဇူလိုင် ၂၄

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဇူလိုင် ၂၃ ရက်က ပဲခူးမြို့ မြို့မဈေးကြီးအတွင်း၌ ဈေးအရောင်းဆိုင်များနှင့် ဈေးရုံကြီးများ ပြန်လည်အဆင့်မြှင့်တင်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးမြို့ မြို့မဈေးကြီးအတွင်း၌ ဒေသခံပြည်သူများ ဆန်၊ ဆီ၊ အသား၊ ငါး၊ ဥ၊ ဟင်းသီးဟင်းရွက်များကို သန့်ရှင်းလတ်ဆတ်ပြီး ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်မှုဖြင့် နေ့စဉ်ဖွင့်လှစ်ရောင်းချလျက်ရှိသော ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၏ တိုက်ရိုက်အရောင်းဆိုင်များ ဖွင့်လှစ်နေမှုအား ကြည့်ရှုအားပေးပြီး ယခုထက် အမျိုးအမည်စုံလင်စွာနှင့် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချနိုင်ရေး၊ စည်းကမ်းတကျ ကုန်ပစ္စည်းများ တင်ချနိုင်ရေး စီစဉ်ဆောင်ရွက်ရန်နှင့် ပြည်သူလူထု၏ အဓိကအခြေခံစားကုန်ဖြစ်သည့် ဆန်၊ ဆီ၊ ဥ၊ ငါး ပြတ်လပ်မှုမရှိစေရေး ရောင်းချပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအစိုးအဖွဲ့၏ စီစဉ်မှုဖြင့် ဒေသခံပြည်သူများအား စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးသက်ဆိုင်ရာ ကိုယ်တိုင်စိုက်ပျိုး မွေးမြူထုတ်လုပ်သူများနှင့် ချိတ်ဆက်ကာ ၎င်းတို့ကိုယ်တိုင် တိုက်ရိုက်လာရောက်ရောင်းချနိုင်သည့် အရောင်းဆိုင်များ ဖွင့်လှစ်၍ ဇွန် ၁၇ ရက်မှစတင်၍ တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ မြို့မဈေးများတွင် နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သုံးထပ်ရတနာဈေးရုံကြီး၊ နှစ်ထပ်မင်္ဂလာဈေးရုံကြီးနှင့် သီရိဥသာဈေးရုံကြီးများ ပြန်လည်အဆင့်မြှင့်တင်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဈေးရောင်းချသူနှင့် ဈေးဝယ်ယူသူများ သက်သောင့်သက်သာဖြင့် ဝယ်ယူရောင်းချနိုင်ရေး အခန်းဖွဲ့စည်းမှုများ သတ်မှတ်ချက်အတိုင်း ပြန်လည်ပြင်ဆင်ရန်၊ လျှောက်လမ်းများ ကျယ်ဝန်းမှုရှိစေရန်၊ လေဝင်/လေထွက် အလင်းရောင်ကောင်းမွန်စွာ ရရှိစေရန်၊ စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်နိုင်ရေး အမှိုက်ပုံးများ စီမံဆောင်ရွက်ပေးရန်၊ ရေစီးရေလာကောင်းမွန်မှုရှိစေရေး ဆောင်ရွက်ရန်၊ ဈေးဧရိယာအတွင်း သတ်မှတ်ဈေးရုံ/ဈေးဆိုင်ခန်းများမှလွဲ၍ မည်သည့်ကျူးကျော် အဆောက်အအုံမရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လိုအပ်ချက်များ ဖြည့်ဆည်းတပ်ဆင်ထားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သရက်မြို့၌ လူငယ်ရေးရာအသိပညာပေး ဟောပြော

သရက် ဇူလိုင် ၂၄

မကွေးတိုင်းဒေသကြီး သရက်မြို့၌ လူငယ်များအသိပညာဖွံ့ဖြိုးတိုးတက်ပြီး ဗလငါးတန်ပြည့်စုံသည့် လူတော်လူကောင်းများဖြစ်လာစေရန် ရည်ရွယ်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ဇူလိုင် ၂၂ ရက်က လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ဆောင်ရွက်သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သရက်ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေက ကျောင်းနေအရွယ်မှစ၍ စည်းကမ်းရှိရှိပြုမူနေထိုင်တတ်ပြီး ပညာကိုကြိုးစားသင်ယူတတ်စေရေန်နှင့် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ ပြည့်စုံပြီး လူတော်လူကောင်းများဖြစ်မှသာ မိမိရပ်ရွာ၊ နိုင်ငံတော်အတွက် အကျိုးရှိမည်ဖြစ်ကာ စာပေဖတ်ရှုသည့် အလေ့အထကောင်းများကို လေ့ကျင့်ပြီး စာဖတ်ကြရန်နှင့် အားကစားစိတ်ဓာတ်ကောင်းများ မွေးမြူပြီး ကျန်းမာသန်စွမ်းအောင် လေ့ကျင့်ကြရန် ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှထုတ်ဝေသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

*စာမျက်နှာ ၆ မှ*

ဖော်ပြခြင်းမရှိသော်လည်း မြေအောက်တူးဖော်လေ့လာမှုအရ ဗုဒ္ဓဘာသာထွန်းကားခဲ့ကြောင်း အထောက်အထားများ တွေ့ရှိကြရ၏။

သရေခေတ္တရာခေတ်တွင်လည်း ထေရဝါဒ သာသနာ ထွန်းကားနေပြီဖြစ်ကြောင်းကို ဘောဘောကြီးစေတီစသော လက်ရှိမျက်မြင်သာသနိကအဆောက်အအုံကြီးများ၊ ၁၉၁၁-၁၂၊ ၁၉၂၆-၂၇ ခုနှစ်များက တူးဖော်ရရှိသော ရွှေပေလွှာ၊ ငွေပေလွှာများနှင့် ငွေသားရုပ်ကြွဆင်းတုတော်များကို ကြည့်ခြင်းအားဖြင့် ခန့်မှန်းသိရှိနိုင်သည်။ ရွှေပေလွှာများ၌ ပရိတ်ကြီးများ၊ ပဋိစ္စသမုပ္ပါဒ်၊ ပဋ္ဌာန်းပါဠိတော်များ၊ "ယေဓမ္မာ ဟေတုပ္ပဘဝါ" အဘိဓမ္မာသဘောများကို တွေ့မြင်ခဲ့ရသည်။

**ရှေးဘိုးဘေးဘီဘင်တို့ လက်ထက်က ဆင်းသက်လာ**

ထို့ကြောင့် အနော်ရထာ သာသနာပြုမင်းတရားကြီးလက်ထက် (အေဒီ ၁၀၄၄-၁၀၇၈)တွင် စစ်မှန်သော ထေရဝါဒသာသနာ တည်ထောင်လိုသည်မှာ အကြောင်းမဲ့ မဟုတ်၊ ရှေးဘိုးဘေးဘီဘင်တို့ လက်ထက်က ဆင်းသက်လာသော ထေရဝါဒ သာသနာတော်အကြောင်း ကောင်းစွာကြားသိပြီး ဖြစ်သောကြောင့်ဟု ပညာရှင်များက သုံးသပ်ခဲ့ကြသည်။

အထက်မြန်မာပြည်တွင် အနော်ရထာ၊ ဘိုးတော်ဘုရားနှင့် မင်းတုန်းမင်းတို့ကဲ့သို့သော၊ အောက်မြန်မာပြည်တွင် ဓမ္မစေတီ၊ ဘုရင့်နောင်တို့ကဲ့သို့သော တိုင်းပြုပြည်ပြု သာသနာပြုမင်းများ ပေါ်ပေါက်လာသဖြင့် မြန်မာနှင့် ထေရဝါဒဗုဒ္ဓ သာသနာသည် တစ်ကမ္ဘာလုံးက အားကိုးရသော နေရာသို့ ရောက်ရှိခဲ့လေသည်။

**ထေရဝါဒသာသနာအပေါ် ကမ္ဘာကပင် အာရုံစိုက်လာ**

မြန်မာနိုင်ငံ၌ ဗြိတိသျှများ အောက်ပိုင်းတွင် အနှစ် ၁၀၀ ကျော်၊ အထက်ပိုင်း၌ အနှစ် ၆၀ ကြာ အုပ်စိုးသွားသော်လည်း အင်္ဂလိပ်ယဉ်ကျေးမှုဒဏ်ကို အလူးအလဲ မခံရချေ။ ခိုင်မာသော သုဓမ္မာသံဃာ့အဖွဲ့အစည်း သာသနာ့ဦးသျှောင် မထေရ်ကြီးများနှင့် ဘိုးတော်၊ အထူးသဖြင့် မင်းတုန်းမင်းကြီး၏ ကျေးဇူးကြောင့် ဖြစ်သည်။ အထက်မြန်မာနိုင်ငံကို အလွယ်ကလေးဖြင့် အချိန်မရွေးသိမ်းယူနိုင်သော အခြေအနေတွင် မင်းတုန်းမင်းကြီးသည် နိုင်ငံရေး အားဖြင့်လည်းကောင်း၊ ပဉ္စမသင်္ဂါယနာတင်၍ သုဓမ္မာသံဃ ဦးသျှောင်ဖွဲ့စည်းထားခြင်း၊ လေးပြင်လေးရပ် ဝတ်အသင်းများ ဖွဲ့စည်းပေးခြင်းစသော ဘာသာရေး အားဖြင့်လည်းကောင်း ရပ်တည်မှုခိုင်မာခဲ့ပါသည်။ ပဉ္စမသင်္ဂါယနာမှသည် ဆဋ္ဌသင်္ဂါယနာခေတ်သို့ ရောက်လာသောအခါ မြန်မာနိုင်ငံနှင့် ထေရဝါဒသာသနာအပေါ် ကမ္ဘာကပင် အာရုံစိုက်လာခဲ့ကြလေသည်။

> ❖ **"မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုကို ပြသရန်နှင့် မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓ ဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်"ဟူသည့် ရည်ရွယ်ချက်နှစ်ရပ်ကား အဓိပ္ပာယ်လေးနက်ကျယ်ဝန်းလှပါသည်။ မြန်မာနိုင်ငံ၏ ထေရဝါဒဗုဒ္ဓသာသနာ့သမိုင်းကို ခြေခြေမြစ်မြစ် ထဲထဲဝင်ဝင်မလေ့လာ၊ မသိရှိသူများအဖို့မူ နားလည်သဘောပေါက်ဖို့ ခက်ခဲပေလိမ့်မည်။ တကယ်တော့ မြန်မာနှင့် ထေရဝါဒဗုဒ္ဓသာသနာသည် ခွဲ၍မရပါ**

ဗုဒ္ဓပွင့်တော်မူရာ အိန္ဒိယနိုင်ငံကြီးအတွင်း၌မူ အယူဝါဒရေးရာ ရှုပ်ထွေးမှုများ၊ နိုင်ငံရေးရှုပ်ထွေးမှုများနှင့်အတူ နောက်ဆုံး ၁၃ ရာစု၊ ၁၄ ရာစုခေတ်တွင် အတုရော အစစ်ပါ ဗုဒ္ဓဝါဒများအားလုံး အပြီးတိုင် ချုပ်ငြိမ်းကာ သာသနာကွယ်ပခဲ့ရလေသည်။

သီဟိုဠ်ကျွန်း(သီရိလင်္ကာ)ကိုလည်း အင်္ဂလိပ်တို့မသိမ်းပိုက်မီကပင် မြန်မာနိုင်ငံ အမရပူရနေပြည်တော်သို့ သီဟိုဠ်မှ ရဟန်းရှင်လူများအကြိမ်ကြိမ်လာရောက်ကြ၍ သာသနာရေးအကူအညီကို ရယူခဲ့ကြသည်။ အေဒီ-၁၀၇၁ ခုနှစ်တွင် စစ်ဘေးစစ်ဒဏ်ကြောင့် သီဟိုဠ်နိုင်ငံတွင် သာသနာဆက်ပြတ်လုဖြစ်နေ၍ သီဟိုဠ်မင်း၏ မေတ္တာရပ်ခံချက်အရ အနော်ရထာမင်းသည် ပုဂံနေပြည်တော်မှ သာသနာပြုမထေရ်ကြီးများကို စေလွှတ်၍လည်း သာသနာရေးတပ်ကူ ပေးခဲ့ရပါသည်။

**သတ္တဝါအများ ချမ်းသာရေးကိုသာ ဦးတည်လက်တွဲ**

ထေရဝါဒအမာခံများဖြစ်ကြသော မြန်မာနှင့် သီဟိုဠ်နိုင်ငံတို့သည် အနော်ရထာခေတ် မတိုင်မီနှစ်ပေါင်းထောင်ချီကာလကတည်းက အပြန်အလှန်ကူးလူးယှက်နွယ် ဆက်သွယ်မှုများရှိခဲ့ကြပါသည်။ ဆဋ္ဌသင်္ဂါယနာမှ မျက်မှောက်ခေတ်အထိ မြန်မာနှင့် သီဟိုဠ် (သီရိလင်္ကာ)တို့သည် အထူးသဖြင့် သာသနာရေးကိစ္စမှန်သမျှ အမြဲလက်တွဲ၍ ဆောင်ရွက်ခဲ့ကြသည်။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ "တပည့်ခံသည်၊ ဆရာလုပ်သည်"ဟု သဘောမထား၊ ပင်ရင်းမူလထေရဝါဒသာသနာတော် ရှင်သန်ပြန့်ပွားရေး၊ မြတ်စွာဘုရားရှင်၏ တရားတော်များ ထွန်းကား၍ သတ္တဝါအများ ချမ်းသာရေးကိုသာ ဦးတည်၍ ခေတ်အဆက်ဆက် လက်တွဲခဲ့ကြပါသည်။

ယခုအခါ မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓသာသနာ၏ ရပ်တည်မှုမှာ လွန်စွာခိုင်မာလှပေသည်။ ကမ္ဘာသို့ သာသနာမျိုးဆက်ဖြန့်ပွားနိုင်ရန် အဆင့်ဆင့်ဘက်စုံ ရပ်တည်နေပေသည်။ မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓ သာသနာတော်ရေသောက်မြစ်ကြီးကား ကမ္ဘာသို့ မျိုးဆက်ဖြန့်ပွားပေးရန် အလွန်အင်အားပြည့်စုံသော အခြေအနေ၌ရှိနေပေသည်။ နှစ်ပေါင်း ထောင်ချီ၍ လက်ဆင့်ကမ်း သယ်ဆောင်လာကြသော သာသနာစောင့်မထေရ်ကြီး အဆက်ဆက်နှင့် သာသနာ ဒါယကာမင်းများ၊ ဒါယကာ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ၏ ကျေးဇူးကြောင့်ပင် ဖြစ်သည်။ ခေတ်အဆက်ဆက် ဆရာ၊ ဒကာ လက်တွဲညီညာမှုကြောင့် ဖြစ်ပါသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းပြသခြင်းအခမ်းအနားတွင်လည်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ရရှိခဲ့သည့်ပုဂ္ဂိုလ်များ၊ ဘဏ်လုပ်ငန်းရှင်များ၊ စီးပွားရေးဆိုင်ရာပုဂ္ဂိုလ်များ အပါအဝင် အခမ်းအနားသို့ တက်ရောက်လာကြသော စေတနာရှင်၊ အလှူရှင် ၁၀၁ ဦးတို့ကလည်း စုစုပေါင်းငွေကျပ် ၁၆၁၇၇ သန်း (၁၆ ဒသမ ၁၇၇ ဘီလီယံ)ကို သဒ္ဓါတရားထက်သန်စွာ ပေးအပ်လှူဒါန်းခဲ့ကြသည်။

"ဘုန်းကံနည်းသူတို့သည် သာသနာတော်ကို အနည်းငယ်မျှပင် ချီးမြှောက်ခွင့်မရကြကုန်၊ ဘုန်းကံရှိသူတို့သာလျှင် ရနိုင်ကုန်၏။ အဘယ်ကြောင့်ဆိုသော် သာသနာတော်သည် အတုမရှိ ဘုန်းကံကြီးမားတော်မူသော ဘုရားရှင်၏ သာသနာတော်ဖြစ်သောကြောင့်ပင်တည်း" ဟူသည့် ပေါရာဏဂါထာလာအတိုင်း အတုမရှိ ဘုန်းကံကြီးမားတော်မူသော ဘုရားရှင်သာသနာတော်ကို ချီးမြှောက်ခဲ့ကြပါသော ဘုရားဒါယကာ၊ ဒါယိကာမများ၊ ငွေအား၊ လူအားဖြင့် ပါဝင်လှူဒါန်းခဲ့ကြသော စေတနာရှင် အလှူရှင်များအား ဝမ်းမြောက်နုမော်သာခု ခေါ်ဆိုရပါ၏။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရသည့် ကောင်းမှုကံစေတနာတို့ကြောင့် နိုင်ငံတော်ကြီး သာယာဝပြောပါစေ၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါ၏။ ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါနေသို့ လင်းစေသော၀်။ ။

ကျမ်းကိုး

- ဓမ္မာစရိယ ဦးဌေးလှိုင်၏ သီဟိုဠ်ခေတ်စံတော်ဝင်အရိယာများ။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇူလိုင် ၂၄**

၂၀၂၃ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ညီနောင်အသင်းများ တွေ့ဆုံပွဲတွင် ကဏ္ဍအသီးသီးရှိ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များမှ တင်ပြချက်များအပေါ် ဆက်လက်အကောင်အထည်ဖော်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်နှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၄ ရက် မွန်းလွဲ ၂ နာရီက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ (၂) ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းအဖွဲ့ ၁၈ ခုမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး ၃၈ ဦးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**များစွာအထောက်အကူပြု**

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ယခုအစည်းအဝေးသည် ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ ညီနောင်အသင်း အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တွေ့ဆုံပွဲ၌ လုပ်ငန်းရှင်များမှ တင်ပြ ဆွေးနွေးချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ယခုကဲ့သို့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး ပြန်လည်မြှင့်တင်နိုင်ရေး ဘက်ပေါင်းစုံမှ နေ၍ အစိုးရနှင့် ပုဂ္ဂလိက လက်တွဲကြိုးပမ်း ဆောင်ရွက်ရာတွင် ဆက်လက်ဆောင်ရွက်ရန် ကိစ္စများအပေါ် ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးရန် ဖြစ်ပါကြောင်း၊ လက်တွေ့ ထိရောက်သည့် နည်းလမ်းများဖြင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများကို ပိုမိုဆောင်ရွက်နိုင်ပြီး ထွက်ရှိလာသည့် ကုန်ကြမ်းပစ္စည်းများအပေါ် မူတည်၍ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်များ တိုးတက်ရရှိလာမည်ဖြစ်ပါက လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲနှင့် နှမ်းများကို ပိုမိုစိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်း၌ ဆီထုတ်လုပ်ခြင်း လုပ်ငန်းများ၌ အသုံးပြု ဆောင်ရွက်မည်ဆိုပါက ဆီစက်များ လည်ပတ်ရခြင်း၊ တိရစ္ဆာန်အစာအတွက် လိုအပ်သည့် နှမ်းဖတ်၊ ပဲဖတ်များ ရရှိခြင်း၊ အလုပ်အကိုင်များ ရရှိခြင်းများ ဖြစ်ပေါ်ပြီး ပြည်တွင်းဆီဖူလုံမှုများကို များစွာအထောက်အကူပြုစေမည် ဖြစ်ပါကြောင်း၊ နိုင်ငံ့စီးပွား မြှင့်တင်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ဦးတည်ချက် (၁၂) ချက်တွင် ပါရှိသည့် အချက်များကို အလေးထားဆောင်ရွက်ရန် လိုပါကြောင်း၊ နိုင်ငံ့စီးပွား မြှင့်တင်ရန်အတွက် အားပေးဆောင်ရွက်ရန် လိုအပ်သဖြင့် ပေါင်းစပ် ညှိနှိုင်းကြရမည်ဖြစ်ကြောင်းနှင့် ပို့ကုန်မြှင့်တင်ရေးအတွက် ပေါင်းစပ် ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားသည်။ (ဝဲပုံ)

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် အသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများက ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပုဂ္ဂလိက စီးပွားရေးအသင်းအဖွဲ့များ တွေ့ဆုံပွဲတွင် ပုဂ္ဂလိက ကဏ္ဍမှ တင်ပြချက်များအပေါ် အသေးစိတ် ထပ်မံတင်ပြခြင်းနှင့် ထပ်မံဖြည့်စွက် တင်ပြလိုသည်များကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့်ပတ်သက်၍ ကြုံတွေ့နေရသည့် အခြေအနေများကိုလည်းကောင်း တင်ပြခဲ့ရာ ကဏ္ဍအလိုက် ပြည်ထောင်စုဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။ ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**



## ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် ၂၀၂၃ ခုနှစ် ဒီရေတောပင်များ စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ် ၂၀၂၃ ခုနှစ် ဒီရေတောပင်များ စိုက်ပျိုးပွဲနှင့် ကမ်းခြေသန့်ရှင်းရေး လုပ်အားပေးပွဲကို သန်လျင်တပ်နယ် အတွင်းရှိ ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ် မြစ်ကမ်းနား တစ်လျှောက်တွင် ယနေ့နံနက်ပိုင်းကကျင်းပရာ ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် ကိုကိုကျော်၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ ပါဝင်ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

ဒီရေတောပင်များ စိုက်ပျိုးပွဲတွင် လမုပင်နှင့်ဓနိပင် စုစုပေါင်း အပင် ၇၀၀ စိုက်ပျိုးခဲ့ပြီး မြစ်ကမ်းနားတစ်လျှောက်တွင် ကမ်းခြေသန့်ရှင်းရေးအတွက် အမှိုက်များ ရှင်းလင်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ရတနာသစ်တော ပြည့်သွေးကြော
သစ်တောရတနာ ထိန်းသိမ်းပါ

## မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၄**

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဗဟိုအလုပ်အမှုဆောင် အဖွဲ့အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ် (၂၂၈) ရှိ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ စာအုပ်လှူဒါန်းပွဲပြုလုပ်ရာ စာရေးဆရာ တက္ကသိုလ်စိုးယဉ်က ကိုယ်တိုင်ရေးသားသော ပွင့်ဦးမေတ္တာချုလှည့်ပါနှင့် အခြားကဗျာများ စာအုပ် ၁၀၀၊ တန်ဖိုး၂၀၀၀၀၀ ကို လှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က လက်ခံပြီး **(ယာပုံ)** ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို ကျင်းပကြောင်း သိရသည်။ **သတင်းစဉ်**



## ပေါင်းတည်မြို့နယ်၌ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲ ပြုလုပ်

**ပေါင်းတည် ဇူလိုင် ၂၄**

ပေါင်းတည်မြို့နယ်၌ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၊ စက်မှုလယ်ယာစခန်း (ဆွယ်) က ကောက်စိုက်စက်ဖြင့် ရက် ၉၀ စပါး စိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဇူလိုင် ၂၃ ရက်က ကြူတောကန်ကျေးရွာ ကွင်းအမှတ် (၁၀၉၃)



တောင်သူ ဦးစိန်ထွန်း၏ သုံးဧကစပါး စိုက်ပျိုးခင်း၌ ပြုလုပ်သည်။ **(အောက်ဝဲပုံ)**

သရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်နှင့် အဖွဲ့ဝင် (၂) ဦးအေးကျော်၊ စက်မှုလယ်ယာ ခရိုင်ဦးစီးမှူး ဦးသိန်းဇော်၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန ဦးစီးမှူး ဦးရဲဝင်း၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးမင်း၊ မျိုးသန့်ခြံဌာနခွဲ တာဝန်ခံ ဒေါ်ငွေးတင်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသင်းသင်းခိုင်၊ ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများ တက်ရောက်လေ့လာကြသည်။

သရုပ်ပြပွဲ၌ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးအောင်နိုင်ဝင်းက တောင်သူများအား ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးနည်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုကို လက်တွေ့ စိုက်ပျိုးပြသပေးရာ တောင်သူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **သူရကြီး (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးသည့် သမဝါယမအသင်းသားတောင်သူများနှင့် တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၄**

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသော မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သပြေတန်းကျေးရွာရှိ ယွန်းလှျံ လယ်ယာအထောက်အကူပြုစခန်းသို့ ရောက်ရှိပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသားတောင်သူများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မိုးစပါး စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် မျိုး၊ သွင်းအားစု၊ နည်းပညာ၊ အရင်းအနှီးများ ထောက်ပံ့ပေးလျက်ရှိပြီး အမှန်တကယ် ဆောင်ရွက်လိုသူများဖြင့် သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်း၍ အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အသင်းသားတောင်သူများအနေဖြင့် အထွက်တိုးမျိုးစပါးများ စိုက်ပျိုးခြင်းဖြင့် ပန်းတိုင်အထွက်နှုန်း



တိုးကာ ဝင်ငွေတိုးပွားလာမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ အောင်မြင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးကာ ဂရိတ်ဝေါ စိုက်ပျိုးရေး ကုမ္ပဏီ၏ အထွက်တိုးမျိုးစပါးများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သပြေတန်းကျေးရွာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် အိမ်ခြေ ၃၁၈ အိမ်နှင့် လူဦးရေ ၁၂၁၂ ဦးတို့ကို အကျိုးပြုမည့် အရှည်ပေ ၃၂၀၀ ရှိ ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူကျေးရွာသားများ၏ ကျေးရွာစာသင်ကျောင်း သောက်သုံးရေရရှိရေး လိုအပ်ချက်တင်ပြမှုအပေါ် ရေသန့်စက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဖြူးမြို့နယ် ကျီးမနိုးကျေးရွာအုပ်စုရှိ လူငယ့်အားမာန် စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံသမဝါယမအသင်းလီမိတက်မှ အသင်းအမှုဆောင်များ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးသည့် သမဝါယမအသင်းသားတောင်သူများနှင့် တွေ့ဆုံပြီး(ဓာတ်ပုံ) နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေး၊ အသင်းပိုင်မြေကွက်များကို အကျိုးရှိစွာ အသုံးပြုရေး၊ သဘာဝမြေသြဇာများ ရောနှောအသုံးပြုရေးတို့ကို မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လူငယ့်အားမာန် စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံ သမဝါယမအသင်းလီမိတက်၏ GW-11 အထွက်တိုးစပါးများ ပျိုးထောင်ထားမှု၊ ဝက်မွေးမြူထားမှု၊ နွားမွေးမြူထားမှုနှင့် နွားစာအတွက် နေပီယာမြက် စိုက်ပျိုးထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အုန်းချိုမွှေးပင်များ စိုက်ပျိုးပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၁၅)၊ အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်း အမှတ်စဉ် (၆) နှင့် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၂) သင်တန်းဖွင့်ပွဲအခမ်းအနားများကျင်းပ

**ဇီးပင်ကြီး ဇူလိုင် ၂၄**

အဆင့်မြင့်အရာထမ်း သင်တန်း အမှတ်စဉ် (၁၅)၊ အုပ်ချုပ်မှု စွမ်းရည်မြင့်မားရေး သင်တန်း အမှတ်စဉ် (၆) နှင့် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံ သင်တန်း အမှတ်စဉ် (၇၂) ဖွင့်ပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားများသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ တာဝန်ခံ အဖွဲ့ဝင် ဦးဆန်းမြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြားစီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ အခြေခံပညာ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။





သင်တန်းဖွင့်ပွဲ အခမ်းအနားများတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင် ဦးဆန်းမြင့်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။ (ဓာတ်ပုံ)

အဆင့်မြင့် အရာထမ်း သင်တန်းအမှတ်စဉ် (၁၅) သို့ ဝန်ကြီးဌာနများမှ သင်တန်းသား ၂၈ ဦး၊ သင်တန်းသူ ၁၄ ဦး စုစုပေါင်း ၄၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၂၄ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ ရက်သတ္တရှစ်ပတ် ကြာမြင့်မည်ဖြစ်သည်။

အုပ်ချုပ်မှုစွမ်းရည် မြင့်မားရေးသင်တန်း အမှတ်စဉ် (၆) သို့ သင်တန်းသား ၁၂၅ ဦး၊ သင်တန်းသူ ၁၂၄ ဦး၊ စုစုပေါင်း ၂၄၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ ပတ် ကြာမြင့်မည်ဖြစ်သည်။

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံ သင်တန်း အမှတ်စဉ် (၇၂) သို့ သင်တန်းသား ၈၇ ဦး၊ သင်တန်းသူ ၃၇၄ ဦး စုစုပေါင်း ၄၆၁ ဦး တက်ရောက်ကြပြီး သင်တန်း ကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်မည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင် ဦးဆန်းမြင့်နှင့် တာဝန်ရှိသူများသည် တက္ကသိုလ်တွင် ဖွင့်လှစ်ပို့ချလျက်ရှိသည့် သင်တန်းများ၏ သင်ခန်းစာ ပို့ချနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အခြေခံစာရင်းရေး စာရင်းကိုင်ကျွမ်းကျင်မှု သင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနများမှ တိုင်းဒေသကြီးအတွင်းရှိ အငယ်တန်းစာရေးဝန်ထမ်းများအား လုပ်ငန်းခွင် စွမ်းရည်ပြည့်ဝစွာ ဆောင်ရွက်နိုင်စေရန်အတွက် အခြေခံစာရင်းရေး စာရင်းကိုင် သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၁၁ နာရီက မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်မိုးတင့်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။ အဆိုပါ သင်တန်းတွင် အငယ်တန်းစာရေးဝန်ထမ်း ၇၂ ဦး တက်ရောက်ပြီး ဇူလိုင် ၁၀ ရက်မှ ဇူလိုင် ၂၁ ရက်အထိ ဖွင့်လှစ် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# NGO/INGO များ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် လွယ်ကူချောမွေ့စေရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

NGO/INGO များ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် လွယ်ကူချောမွေ့စေရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၈ နာရီက နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ အတွင်းရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေနှင့်စပ်လျဉ်း၍ အသိပညာ ဖြန့်ဝေခြင်း၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးက ပရဟိတအသင်းအဖွဲ့များအပေါ်



စည်းမျဉ်း ကြီးကြပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းတို့မှ တာဝန်ရှိသူများက အသင်းအဖွဲ့များ၏ ဆွေးနွေးချက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ဆွေးနွေးဖြေကြားကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း ၁၁ ခုမှ တာဝန်ရှိသူများ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်းများ၊ ပြည်တွင်းအသင်းအဖွဲ့ ၃၂ ဖွဲ့နှင့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ ၅၁ ဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ငွေရေးကြေးရေး ဈေးကွက်ထဲမှာ ဒီငွေစက္ကူ ကျပ်နှစ်သောင်းတန်အသစ်တွေ အလုံးအရင်းနဲ့ဝင်ရောက်လာဖို့ဆိုတဲ့ကိစ္စက လုံးဝလည်းမဖြစ်နိုင်ဘူး၊ ဖြစ်လည်းမဖြစ်ပါဘူးလို့ အာမခံပါတယ်။ ဒါကြောင့် ငွေကြေးဖောင်းပွမှုဆိုတာ မဖြစ်နိုင်ပါဘူး။ မတည်ငြိမ်အောင် ကောလာဟလတွေ ထုတ်လွှင့်နေတာပဲဖြစ်ပါတယ်

**မြန်မာငွေကျပ် နှစ်သောင်းတန်အသစ် ရိုက်နှိပ်ထုတ်ဝေမှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြန်လည်ဖြေကြားချက်**

မြန်မာငွေကျပ် နှစ်သောင်းတန်အသစ် ရိုက်နှိပ်ထုတ်ဝေမှုနှင့် ပတ်သက်၍ သတင်းထောက်တစ်ဦး၏ မေးမြန်းချက်ကို ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြန်လည်ဖြေကြားထားသည်များကို ဖော်ပြလိုက်ပါသည် -

မေး ။ ။ အခုလို ငွေကျပ်နှစ်သောင်းတန် ရိုက်နှိပ်ထုတ်ဝေလိုက်တဲ့အတွက် လတ်တလောမှာ နိုင်ငံခြားငွေဈေး၊ ရွှေဈေးတွေအပါအဝင် ကုန်ဈေးနှုန်း ကြီးမြင့်လာတဲ့အတွက် ပြည်သူတွေက စိုးရိမ်ပူပန်မှုတွေ ဖြစ်ပေါ်လျက်ရှိပါတယ်ခင်ဗျာ။ ဒီလိုဖြစ်ပေါ်တဲ့အခြေအနေနဲ့ပတ်သက်ပြီး အစိုးရအနေနဲ့ ပြည်သူလူထုကို ဘာများ အသိပေးပြောကြားလိုပါသလဲ ခင်ဗျာ။

ဖြေ ။ ။ ဒီကိစ္စနှင့်ပတ်သက်ပြီး ဖြစ်ပေါ်လာတဲ့အကြောင်းရင်းတွေကို လိုက်လံစုံစမ်းကြည့်တယ်။ ပထမဦးဆုံးက ကောလာဟလပေါ့။ ကောလာဟလနဲ့ပတ်သက်ပြီး ဖြစ်ပေါ်လာတဲ့ဟာတွေကို ပထမဦးဆုံးပြောချင်တယ်။ မနေ့က မနက် ၈ နာရီမှာ ငွေကျပ်နှစ်သောင်းတန် အသစ်ထုတ်ဝေတာနဲ့ပတ်သက်ပြီး ဗဟိုဘဏ်က ကြေညာချက်ထွက်ခဲ့တယ်။ အဲဒီလိုဖြစ်ပြီး နေ့လယ်ပိုင်းလောက်မှာ ကောလာဟလနှစ်ခု ထွက်လာတယ်။ နံပါတ်တစ် ကောလာဟလက နှစ်သောင်းတန်တွေ အသစ်ထွက်ပြီပေါ့ဗျာ။ နောက်ထပ်လည်းထွက်လာနိုင်သေးတယ်။ နောက်ထပ်လည်း ဒါ့ထက်တန်ဖိုးမြင့်တဲ့ဟာတွေ ထွက်လာနိုင်သေးတယ်။ မြန်မာငွေကြေးတန်ဖိုးကျမယ်။ ငွေကြေးဖောင်းပွလာနိုင်တယ်ဆိုပြီး ထွက်လာတယ်။ နောက်တစ်ခုကတော့ မရှေးမနှောင်းလောက်မှာ ထပ်ပြီးထွက်လာတာက ငွေစက္ကူအသစ်တွေ ထွက်လာတဲ့အတွက် ယခင်တုန်းက သုံးနေတဲ့အဟောင်းတွေ ဖျက်သိမ်းခံရနိုင်တယ်ဆိုပြီးတော့ ရည်ရွယ်ချက်ရှိရှိနဲ့ ကောလာဟလတွေ ထွက်လာတယ်။ အဲဒီလိုထွက်လာပြီး နောက်ပိုင်းမှာ အဲဒီနေ့က တနင်္ဂနွေနေ့ဆိုတော့ ဒေါ်လာဈေးလည်း တက်ရိပ်ပြလာတယ်။ ရွှေဈေးလည်းတက်ရိပ်ပြလာတယ်။ ရုံးပိတ်ရက်ဖြစ်တဲ့အတွက်ကြောင့် လက်တွေ့အရောင်းအဝယ်ဖြစ်တာ မဖြစ်တာထက် ဒေါ်လာဈေး တက်ရိပ်ပြလာတယ်။ ရွှေဈေးတက်ရိပ်ပြလာတယ်။

အဲဒီလိုမျိုးဖြစ်ပြီးတော့ ဒီနေ့မနက်မှာ ဗဟိုဘဏ်ကနေပြီး အများပြည်သူသိစေရန် ထုတ်ပြန်ချက်တစ်ခုထုတ်ပြီးတော့ အမေးအဖြေကဏ္ဍတစ်ခု ထုတ်ပြန်ခဲ့တာရှိတယ်။ အဲဒီအထဲမှာ အချက်အလက် ပြည့်ပြည့်စုံစုံပါပါတယ်။ နံနက် ၉ နာရီလောက်မှာ ဗဟိုဘဏ်ကထုတ်ပြန်ပြီး နံနက် ၁၀ ခွဲ ၁၁ နာရီလောက်မှာ နောက်ထပ်ကောလာဟလ တက်လာတယ်။ အဲဒါကတော့ ဗဟိုဘဏ်ရဲ့ အမေးအဖြေထဲက လိုတာပဲဖြတ်ယူခဲ့တာ။ ဒီကျပ်ငွေ နှစ်သောင်းတန်ငွေစက္ကူက တစ်ယောက်ကို သုံးရွက်ရမယ်ဆိုတာမျိုးပေါ့။ မြန်မာနိုင်ငံလူဦးရေနဲ့တွက်ရင်တောင်မှ ပိုက်ဆံအများကြီး ရိုက်နှိပ်ထုတ်ဝေပြီးပြီဆိုတဲ့ ဟာမျိုး၊ ပြီးရင်တစ်ချိန်တည်းတစ်ပြိုင်တည်းမှာပဲ တချို့သော ပြည်ပြေးမီဒီယာတွေက ဖော်ပြလာတယ်။ မြန်မာ့စီးပွားရေးလေ့လာသူတစ်ဦးဆိုပြီး ထုံးစံအတိုင်းသူတို့ရဲ့ လုပ်ကြံဇာတ်လမ်းတွေပေါ့။ မြန်မာ့ငွေရေးကြေးရေး စောင့်ကြည့်သူတစ်ဦးဆိုပြီး အစိုးရအနေနဲ့ ငွေစက္ကူအသစ်တွေ ရိုက်နှိပ်ထုတ်ဝေရပြီ၊ စီးပွားရေးအရ အခြေအနေ မကောင်းဘူးဆိုပြီး ဒါတွေထွက်လာတယ်။ ထွက်လာပြီး နောက်ပိုင်းမှာ ဒေါ်လာဈေးနဲ့ ရွှေဈေးတက်သွားတယ်။ နောက်ပိုင်းမှာ အခြားကုန်းဈေးနှုန်းတွေပါ ဆွဲတင်ခြင်းခံလိုက်ရတယ်။ အဲဒီလိုဖြစ်လာအောင် ထိုးနှက်တိုက်ခိုက်ရတဲ့ အဓိကအကြောင်းကတော့ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်မှာ ဗဟိုဘဏ်ကကြေညာချက်ထုတ်တယ်။ အဲဒီကြေညာချက်က ဘာလဲဆိုတော့ ယခင်တုန်းက ပို့ကုန်သွင်းကုန်တွေပေါ့လေ။ ပို့ကုန်ကရရှိတဲ့ ပို့ကုန်ရငွေပမာဏ ၆၅ ရာခိုင်နှုန်းကို မြန်မာကျပ်ငွေနဲ့လဲလှယ်ဖို့ ထွက်ထားတာရှိတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေနဲ့ MSME လုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံတဲ့အခါမှာပဲဖြစ်ဖြစ်၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံတဲ့အခါမှာပဲဖြစ်ဖြစ် အချိုး ၆၅ ရာခိုင်နှုန်းပေါ့။ မြန်မာကျပ်ငွေနဲ့ လဲလှယ်ဖို့ဆိုတာကို သင့်လျော်တဲ့အချိန်မှာ ပြင်ပေးဖို့၊ လျှော့ချဖို့ဆိုတာကို အမြဲတမ်းပြောနေတာရှိတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေရော၊ စက်မှုလုပ်ငန်းရှင်တွေရောပေါ့။



ဒါနဲ့ပတ်သက်ပြီး ဇူလိုင် ၁၃ ရက်မှာ ကျွန်တော်တို့က ပို့ကုန်တင်ပို့သူများအနေနဲ့ ပို့ကုန်ရငွေရဲ့ ၆၅ ရာခိုင်နှုန်းကို မြန်မာကျပ်ငွေနဲ့ လဲလှယ်မယ့်အစား ၅၀ ရာခိုင်နှုန်းသာ လဲလှယ်ရန်ဆိုပြီး ဗဟိုဘဏ်က ထုတ်ပြန်လိုက်တယ်။ ထုတ်ပြန်ပြီးနောက်ပိုင်းမှာ အားလုံးလည်း သတိပြုမိလိမ့်မယ်။ ကုန်သွယ်မှု အရှိန်ပိုပြီးကောင်းလာတယ်။ ဒါ့အပြင် ဈေးကွက်အတွင်းမှာ နိုင်ငံခြားငွေရရှိမှု ပိုကောင်းလာတယ်။ ဒေါ်လာဈေးအနေနဲ့ ပိုပြီးတည်ငြိမ်သွားတယ်။ ဒါတွေဖြစ်ခဲ့တဲ့အတွက်ကြောင့် ဒီအချိန်မှာ ငွေစက္ကူ နှစ်သောင်းတန်အသစ်ထုတ်ဝေတဲ့အခါမှာ ဒီဟာကို မတည်ငြိမ်အောင် ကောလာဟလအနေနဲ့ ထပ်ဆင့်ထုတ်လွှင့်ပြီး လုပ်ဆောင်နေတယ်လို့ ကျွန်တော်တို့ မြင်ပါတယ်။ အရေးကြီးတာက ပြည်သူလူထုကို အသိပေးချင်တာ၊ အာမခံချက်ပေးချင်တာပဲ ဖြစ်ပါတယ်။ ဒီနေ့မနက် ၉ နာရီလောက်မှာ ဗဟိုဘဏ်ကအမေးအဖြေနဲ့ ထုတ်ပြန်ချက်က ပြည့်စုံပါတယ်။

ဒါပေမယ့် နည်းပညာပိုင်းဆိုင်ရာ အသုံးအနှုန်းတွေပါတဲ့အတွက် ပြည်သူလူထုအနေနဲ့ ရှင်းရှင်းလင်းလင်းနားလည်ချင်မှ နားလည်ပါလိမ့်မယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ အသိပေးလိုတာရှိပါတယ်။ နံပါတ် (၁) အချက်အနေနဲ့ သိထားရမှာက ဒီငွေစက္ကူအသစ် ငွေကျပ်နှစ်သောင်းတန်က အလုံးအရင်းနဲ့ ထုတ်တဲ့ ပိုက်ဆံမဟုတ်ဘူး။ အထိမ်းအမှတ်အနေနဲ့ထုတ်လိုက်တဲ့ ငွေစက္ကူပဲ ဖြစ်တယ်။ အခြားနိုင်ငံတွေမှာလည်း ဒီလိုအထိမ်းအမှတ်အနေနဲ့ထုတ်တဲ့ ငွေစက္ကူတွေရှိခဲ့ဖူးတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ ငွေစက္ကူကို အထိမ်းအမှတ်အနေနဲ့ ထုတ်လုပ်ခဲ့တာ မရှိခဲ့ပါဘူး။ ဒါပေမယ့် (၇၅)နှစ်ပြည့် စိန်ရတုလွတ်လပ်ရေးနေ့တုန်းကတော့ အထိမ်းအမှတ်အနေနဲ့ ရွှေဒင်္ဂါးပြားတွေ ထုတ်ဝေခဲ့တာရှိပါတယ်။ အဲဒီအချိန်တုန်းကလည်း သတ်မှတ်ထားတဲ့ ငွေကြေးပမာဏပေးပြီး ဝယ်လို့ရတယ်ဆိုပေမယ့် များများစားစားဝယ်လို့ရတာ မဟုတ်ပါဘူး။ အခုကိစ္စမှာလည်း ဒီလိုပါပဲ။ ကျွန်တော်ပြောချင်တဲ့ နောက်တစ်ချက်က ဗဟိုဘဏ်ရဲ့ ထုတ်ပြန်ချက်ထဲမှာ ပါပါတယ်။ ဒီငွေစက္ကူကျပ်နှစ်သောင်းတန်အသစ်က အထိမ်းအမှတ်အနေနဲ့ ထုတ်ဝေတဲ့ငွေစက္ကူဖြစ်တဲ့အတွက် အဲဒီပိုက်ဆံနဲ့ တန်ဖိုးတူညီတဲ့ ငွေပမာဏကို ဘဏ်ကို သွားသွင်းမှ ငွေစက္ကူကျပ်နှစ်သောင်းတန်အသစ်ကို ထုတ်ပေးမှာ ဖြစ်ပါတယ်။ အဲဒီလို ထုတ်ပေးတဲ့နေရာမှာလည်း အကန့်အသတ် ရှိပါတယ်။ ဘဏ်ကိုသွားပြီး အခုထုတ်လိုက်တဲ့ ငွေစက္ကူကျပ် နှစ်သောင်းတန်အသစ် သိန်းတစ်ရာလိုချင်လို့ဆိုပြီး ကိုယ့်ရဲ့ငွေစက္ကူအဟောင်း သိန်းတစ်ရာနဲ့ သွားပြီးလဲရင်လည်း သိန်းတစ်ရာ ထုတ်မပေးနိုင်ပါဘူး။ တစ်ဦးကို သုံးရွက်ပဲ ထုတ်ပေးမှာ ဖြစ်ပါတယ်။ အဲဒီသုံးရွက်ကိုလည်း အလကားထုတ်ပေးမှာ မဟုတ်ပါဘူး။ မြန်မာစကားပုံနဲ့ အားလုံးနားလည်အောင် လွယ်လွယ်ပြောရမယ်ဆိုရင် ဆန်ပေးမှ ဆီရမယ်လို့ပဲ ပြောရမှာဖြစ်ပါတယ်။ ဒီငွေစက္ကူတွေကိုလည်း ငွေစက္ကူအဟောင်းနဲ့ လဲလှယ်နိုင်အောင် လုပ်တာ ဖြစ်ပါတယ်။ လာရောက်လဲလှယ်တဲ့ ငွေစက္ကူအဟောင်းတွေကိုလည်း ဗဟိုဘဏ်က အကုန်လုံး ဖျက်ဆီးပစ်လိုက်မှာဖြစ်ပါတယ်။

ဒါကြောင့် ငွေရေးကြေးရေး ဈေးကွက်ထဲမှာ ဒီငွေစက္ကူ ငွေကျပ်နှစ်သောင်းတန်အသစ်တွေ အလုံးအရင်းနဲ့ ဝင်ရောက်လာဖို့ဆိုတဲ့ကိစ္စက လုံးဝလည်း မဖြစ်နိုင်ဘူး၊ ဖြစ်လည်းမဖြစ်ပါဘူးလို့ အာမခံပါတယ်။ ဒါကြောင့် ငွေကြေးဖောင်းပွမှုဆိုတာ မဖြစ်နိုင်ပါဘူး။ မတည်ငြိမ်အောင် ကောလာဟလတွေ ထုတ်လွှင့်နေတာပဲ ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၆ မှာ စီးပွားရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး အစိုးရအနေနဲ့ အာမခံပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရအနေနဲ့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ကို လက်ခံထားတဲ့ အစိုးရဖြစ်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ပုဒ်မ ၃၆ (ဃ) မှာပါတဲ့ စီးပွားရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံပိုင် သိမ်းယူခြင်းမပြု ဆိုတဲ့အချက်နဲ့ ပုဒ်မ ၃၆(စ) မှာပါတဲ့ တရားဝင်ထုတ်ဝေထားသော ငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြုဆိုတဲ့ အချက်တွေနဲ့ အာမခံပြီးဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ယခင်က တရားဝင်ထုတ်ဝေထားပြီး တရားဝင် အသုံးပြုနေတဲ့ ငွေကြေးတွေကို တရားမဝင်ငွေကြေးအဖြစ် ဘယ်တော့မှ သတ်မှတ်မှာမဟုတ်ပါဘူး။ ဒါကိုလည်း အာမခံချက်ပေးလိုပါတယ်။ နောက်ဆုံးအနေနဲ့ အသိပေးပြောကြားလိုတာကတော့ အခုလက်ရှိ ဖြစ်ပေါ်နေတဲ့အခြေအနေကို ကောလာဟလတွေ ထုတ်လွှင့်ဖို့အတွက် အချိန်ကိုက် ဆောင်ရွက်နေကြတာဖြစ်တယ်။ အစိုးရအနေနဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ပတ်သက်ပြီး ဒီအခြေအနေတွေကို ကောင်းစွာထိန်းသိမ်းနိုင်တဲ့ အခြေအနေရှိပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ပြည်သူလူထုကို အသိပေးပြောကြားလိုတာကတော့ ပြည်သူလူထုအနေနဲ့ ယုံကြည်စိတ်ချစွာနဲ့ မိမိတို့ရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို လုပ်ကိုင်နိုင်ကြောင်း ကျွန်တော်တို့အနေနဲ့ အာမခံပါတယ်လို့ ပြောချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

- **ဒီငွေစက္ကူ ကျပ်နှစ်သောင်းတန်အသစ်က အထိမ်းအမှတ်အနေနဲ့ ထုတ်ဝေတဲ့ ငွေစက္ကူဖြစ်တဲ့အတွက် အဲဒီပိုက်ဆံနဲ့ တန်ဖိုးတူညီတဲ့ ငွေပမာဏကို ဘဏ်ကိုသွားသွင်းမှ ငွေစက္ကူကျပ်နှစ်သောင်းတန်အသစ်ကို ထုတ်ပေးမှာဖြစ်ပါတယ်။ အဲဒီလိုထုတ်ပေးတဲ့နေရာမှာလည်း အကန့်အသတ်ရှိပါတယ်။ ဘဏ်ကိုသွားပြီး အခုထုတ်လိုက်တဲ့ ငွေစက္ကူကျပ်နှစ်သောင်းတန်အသစ် သိန်းတစ်ရာလိုချင်လို့ဆိုပြီး ကိုယ့်ရဲ့ငွေစက္ကူအဟောင်း သိန်းတစ်ရာနဲ့ သွားပြီးလဲရင်လည်း သိန်းတစ်ရာ ထုတ်မပေးနိုင်ပါဘူး။ တစ်ဦးကို သုံးရွက်ပဲထုတ်ပေးမှာ ဖြစ်ပါတယ်**
- **ယခင်က တရားဝင်ထုတ်ဝေထားပြီး တရားဝင်အသုံးပြုနေတဲ့ ငွေကြေးတွေကို တရားမဝင်ငွေကြေး အဖြစ် ဘယ်တော့မှ သတ်မှတ်မှာ မဟုတ်ပါဘူး**
- **ပြည်သူလူထုအနေနဲ့ ယုံကြည်စိတ်ချစွာနဲ့ မိမိတို့ရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း တွေကို လုပ်ကိုင်နိုင်ကြောင်း ကျွန်တော်တို့အနေနဲ့ အာမခံပါတယ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း စစ်တွေမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဦးရဲကျော်သူကျောင်းတိုက်အတွင်း ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းများနှင့်တွေ့ဆုံ

စစ်တွေ ဇူလိုင် ၂၄

**ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဒုတိယဝန်ကြီးများပြည်နယ်ဝန်ကြီးများ၊တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက စစ်တွေမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဦးရဲကျော်သူကျောင်းတိုက်အတွင်း ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။**



ရှေးဦးစွာ ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများသည် စစ်တွေမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဦးရဲကျော်သူကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဇေတိပါလအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် အဖွဲ့ဝင်များက မုန်တိုင်းဒဏ်ကြောင့် ကျောင်းတိုက်အတွင်း ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို မေးမြန်းလျှောက်ထားပြီး လိုအပ်သည်များကို ပြန်လည်ပြုပြင် ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများကို လျှောက်ထားတင်ပြသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် အဖွဲ့ဝင်များသည် ကျောင်းတိုက်အတွင်း ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများနှင့် ကျောင်းဝင်းအတွင်းရှိ သကျမုနိဘုရားကြီး သိမ်တော် ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများက မူလလက်ရာအတိုင်း ပြန်လည်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က ယခုကျောင်းတိုက်ကြီးသည် သမိုင်းဝင်ကျောင်းတိုက်ကြီး ဖြစ်သဖြင့် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလလက်ရာများအတိုင်း ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးရန် လိုကြောင်း၊ ဘုရားဝင်းအတွင်း သန့်ရှင်းသပ်ရပ်ရေးကိုလည်း ဆောင်ရွက်ပေးရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံးရှိ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံရာ **(ယာပုံ)** ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကျော်မိုးက စည်ပင်သာယာရေး လုပ်ငန်းများအား ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့်ပစ္စည်းဝယ်ယူခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို တင်ဒါ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး၊ အမှိုက်သိမ်းယာဉ်များဖြင့် အမှိုက်များကို သိမ်းယူ၍ သတ်မှတ်နေရာများ၌ စနစ်တကျ စွန့်ပစ်ပေးရေး၊ ရပ်ကွက်နေပြည်သူများ စနစ်တကျ အမှိုက်စွန့်ပစ်နိုင်ရန်အတွက် ခေါင်းလောင်းထိုးစနစ်ဖြင့် အမှိုက်သိမ်းဆည်းနေသည့် အမှိုက်သိမ်းယာဉ်များကို လမ်းအလိုက်၊ ရပ်ကွက်အလိုက် အချိန်မှန် လှည့်လည်သိမ်းဆည်းနိုင်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့နယ် ရေချမ်းပြင်ကျေးရွာရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာတက္ကသိုလ် (စစ်တွေ) သို့ ရောက်ရှိကြပြီး မိုခါမုန်တိုင်းဒဏ်ကြောင့် စာသင်ဆောင်များ စာသင်ခန်းမများနှင့် ကျောင်းသား ကျောင်းသူများ၏ အိပ်ဆောင်များ ပျက်စီးခဲ့မှုအား ပြုပြင်ပေးနေမှုကို သွားရောက်စစ်ဆေးခဲ့စဉ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ကျော်လှိုင်ဦးက ပြုပြင်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က မုန်တိုင်းဒဏ်ခံနိုင် ရန်အတွက် အရိပ်ရလေကာပင်များ ရှင်သန်ကြီးထွားအောင် စနစ်တကျ စိုက်ပျိုး ထိန်းသိမ်းကြရန်နှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ကျောင်းတက်ရောက်ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ရန် မှာကြားခဲ့ပြီး စာသင်ခန်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ချောင်းသာကမ်းခြေနှင့် ငပလီကမ်းခြေများသို့ အပန်းဖြေခရီး သွားရောက်

နေပြည်တော် ဇူလိုင် ၂၄

နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များအား အနားယူ အပန်းဖြေခရီးစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေနှင့် ရခိုင်ပြည်နယ် ငပလီကမ်းခြေများသို့ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ တစ်ဆင့် တပ်မတော်လေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုအပ်သည်များ မှာကြားပြီး ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြသည်။



ဧရာဝတီတိုင်း ဒေသကြီး ချောင်းသာကမ်းခြေသို့ ရောက်ရှိလာသော အရာရှိ၊ စစ်သည်များအား အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုခဲ့ကြကာ**(အပေါ်ပုံ)** ချောင်းသာအပန်းဖြေဧည့်ရိပ်သာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး ဒေသထွက် စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အလားတူ ရခိုင်ပြည်နယ် ငပလီကမ်းခြေသို့ ရောက်ရှိလာသော အရာရှိ၊ စစ်သည်များအား အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများက သံတွဲလေဆိပ်တွင် အိုးစည်ဒိုးပတ်များဖြင့် နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် တိုင်းမှူးက ငပလီမြို့ရှိ အပန်းဖြေစခန်း (လင်းသာ) ၌ အရာရှိ၊ စစ်သည်များအား အမှာစကား ပြောကြား၍ လက်ဆောင်ပစ္စည်းနှင့်ထောက်ပံ့ငွေများ ပေးအပ်ပြီး ဒေသထွက် စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စကား ပြောကြားသည်။ ထို့နောက် ငပလီကမ်းခြေရှိ သဲသောင်ပြင်၌ဘောလုံးအားကစားပွဲများကို ပျော်ရွှင်စွာ ကစားကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါ သံတွဲမြို့နယ် ငပလီကမ်းခြေသို့ အပန်းဖြေလာရောက်ကြသည့် အရာရှိ၊ စစ်သည်များသည် အပန်းဖြေခရီးစဉ်တွင် ရွှေနံ့တော်ဘုရား၊ ရွှေအံတော်ဘုရား၊ ရွှေဆံတော်ဘုရား၊ မဒေးတောင်ဘုရားများသို့ သွားရောက်ဖူးမြော်ကြမည်ဖြစ်ပြီး ပုလဲကျွန်း၊ ငပလီဈေးနှင့် မြပတ္တမြားဥယျာဉ်များသို့ ငါးရက်ကြာ လေ့လာရေးခရီးစဉ်အဖြစ် အပန်းဖြေလည်ပတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ *ကျော့ဖုံးမှ*

ထိုသို့ ခရီးသည်ရထားများ၊ ကုန်ရထားခရီးစဉ်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း၌ အမြန်ရထားလေးစင်း၊ စာပို့ရထားနှစ်စင်း၊ လူစီးကုန်တင်ရထားနှစ်စင်းနှင့် ကုန်ရထားသုံးစင်းတို့ကို နေ့စဉ်ပြေးဆွဲပေးလျက်ရှိသည်။

အဆိုပါ ရထားခရီးစဉ်များအနက် မန္တလေးတိုင်းဒေသကြီး မြစ်ငယ်မှ ရန်ကုန်တိုင်းဒေသကြီး ရွာသာကြီး ခရီးစဉ်ထွက်ခွာမည့် အမှတ်(၈၂၄)အစုန် ကုန်ရထားသည် ပုလိပ်ဘူတာမှ ဇူလိုင် ၂၃ ရက် ည ၁၀ နာရီ ၄၅ မိနစ်တွင် ထွက်ခွာလာပြီး စဉ့်ကိုင်မြို့နယ်အတွင်း ပုလိပ်ဘူတာနှင့် စဉ့်ကိုင်ဘူတာအကြား မိုင်တိုင်အမှတ် (၃၇၂/၃-၃၇၁/၂၄) အရောက် ည ၁၀ နာရီ ၅၅ မိနစ်တွင် ရထားတွဲဆိုင်းပါ စက်ခေါင်းနောက် ၁၈ တွဲမြောက်မှ ၂၂ တွဲမြောက်အထိ ကုန်အပြည့်တင်ဆောင်ထားသည့် ကွန်တိန်နာတွဲငါးတွဲသည် သံလမ်းများပြုတ်ထွက်၍ လမ်းချော်ကျမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါလမ်းပိုင်း၌ မိုင်တိုင်အမှတ် (၃၇၁/၁ မှ ၃)အတွင်း ရထားသံလမ်းဆက်ပြား ရှစ်စုံနှင့် သံလမ်းဆက်မူလီ (Bolt &Nut) ၃၂ လုံးကို မသမာသူများက ယုတ်မာပက်စက်သော အကြံဖြင့် ရထားသံလမ်း၏ သံလမ်းဆက်ပြားနှင့်မူလီများကို ဘယ်ညာနှင့်ရှေ့နောက် တစ်ဆက်တည်း အစုံလိုက်ဖြုတ်ယူဖျက်ဆီးခဲ့မှုကြောင့် အလွန်အန္တရာယ်ကြီးမားပြီး သံလမ်းအဆက်လိုက် ပြုတ်ထွက်လမ်းချော်ကျခဲ့ရခြင်းဖြစ်သည်။ **(ယာပုံ)** ရထားလမ်းပျက်စီးမှုကို ညတွင်းချင်း ပြန်လည်ပြုပြင်ခဲ့ပြီး လမ်းပိုင်းအား ယနေ့ နံနက် ၈ နာရီ ၃၆ မိနစ်တွင် ပြန်လည်ဖွင့်လှစ် ပေးနိုင်ခဲ့သည်။



အဆိုပါ လုပ်ရပ်သည် ရထားစီး ခရီးသွားပြည်သူများကို ထိခိုက်သေဆုံးနိုင်ပြီး ကုန်စည် ပို့ဆောင်မှုကိုပါ ထိခိုက်ပျက်စီးဆုံးရှုံးမှုကြီးမားစွာ ကြုံတွေ့ရနိုင်သည့်အပြင် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော လုပ်ရပ်တစ်ခုဖြစ်သောကြောင့် ပြည်သူများအနေဖြင့် မသမာသူများ၏လုပ်ရပ်ကိုတွေ့ရှိပါ သက်ဆိုင်ရာသို့ အချိန်မီ အကြောင်းကြားသွားရန်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တွေကုန်သွယ်ရေးစခန်း ကုန်သွယ်မှုအခြေအနေ



စစ်တွေ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ အကောက်ခွန်ဦးစီးဌာန၏ အမှန်တင်ပို့/တင်သွင်း စာရင်းများအရ ပို့ကုန်ဒေါ်လာသန်း ဝ ဒသမ ဝ၅၅၁ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ နှုန်းဖြင့် ၁၁၈ တန်၊ ဆီးဖတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၁၅ နှုန်းဖြင့် တန် ၉၀၊ ချင်းအစို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၀ နှုန်းဖြင့် ၇၂ တန်နှင့် ဆီးယိုထုပ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၅၀ နှုန်းဖြင့် နှစ်တန်တို့ကို တင်ပို့နိုင်ခဲ့ပါကြောင်း သိရသည်။ ငွေလဲနှုန်းအနေဖြင့် တစ်ဒေါ်လာလျှင် ၁၁၅ ဒသမ ၅၀ တာကာနှင့် တစ်တာကာလျှင် ၂၆ ဒသမ ၅၀ ကျပ်ဖြစ်ကြောင်း သိရသည်။

DOT (စစ်တွေ)

# မောင်တောကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**မောင်တော ဇူလိုင် ၂၄**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဇူလိုင်လ လျာထားချက်မှာ ပို့ကုန် ၁ ဒသမ ဝဝဝ ဒေါ်လာသန်း၊ သွင်းကုန် ဝ ဒသမ ဝ၃ဝ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၁ ဒသမ ဝ၃ဝ ဒေါ်လာသန်း ဖြစ်ပြီး ဇူလိုင် ၁ ရက်မှ ၂၃ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ဝ ဒသမ ၅၈၁ ဒေါ်လာသန်း၊ သွင်းကုန် ဝ ဒသမ ဝ၈၅ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ဝ ဒသမ ၆၆၆ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပြီး လျာထားချက်အပေါ် ၆၄ ဒသမ ၆၆ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဇူလိုင် ၁ ရက်မှ ၂၃ ရက်အထိ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနက် လယ်ယာထွက်ကုန်ပစ္စည်းမှာ ချင်း (အစို) တန် ၁၇၇၀၊ တညင်းသီး ၈၅ ဒသမ ၃ တန်၊ ဆီးသီးခြောက် ငါးတန်၊ ဝဥ တန် ၂၀၊ ကွမ်းသီး တစ်တန်၊ ထန်းလျက် နှစ်တန်၊ ရေထွက်ပစ္စည်းမှာ ငါးမြစ်ချင်း ၁၁၇ ဒသမ ၁၈ တန်၊ ငါးသလောက် ဝ ဒသမ ၇၈ တန်၊ ပုစွန်ခြောက် ဝ ဒသမ ၂ တန်၊ ငါးစုံလေးခြောက် ၅၇ တန်၊ ငါးခေါင်းပွ ၂ ဒသမ ဝ၆ တန်၊ ငါးကုန်းညိုခြောက် ခြောက်တန်၊ စက်မှုကုန်ချောပစ္စည်းများမှာ သနပ်ခါးခဲ ၁ ဒသမ ၅ တန်၊ ဆီးယိုထုပ် ငါးတန်၊ လူကြီးစီးဖိနပ် အစုံ ၁၇၀၀ နှင့် မုန့်ဖတ်ခြောက် ဝ ဒသမ ၈ တန် တင်ပို့ခဲ့သည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် PVC Pipe ၄၁ ဒသမ ၆၅ တန်၊ PVC Tank ၈၄၅ ခု၊ အမျိုးသားဝတ် တီရှပ် အထည် ၅၀၀ နှင့် ဖိနပ် (Foam Slipper) အရံ ၁၀၀၀ တင်သွင်းခဲ့သည်။

ဒေသငွေလဲနှုန်းအနေဖြင့် ဇူလိုင် ၂၃ ရက် (၁၁:၀၀) နာရီ ပြင်ပငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် ငွေကျပ် ၃၀၄၆၊ ၁၁၄ ဒသမ ၅၀ တာကာဖြစ်ပြီး ငွေကျပ် ၁၀၀ လျှင် ၃ ဒသမ ၇၆ တာကာ၊ တစ်တာကာလျှင် ၂၆ ဒသမ ၆၀ ကျပ် ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

DOT (မောင်တော)

# လွယ်ဂျယ်နယ်စပ်ကုန်စည်စီးဆင်းမှု အခြေအနေ

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် ဇူလိုင် ၁၉ ရက်မှ ၂၃ ရက်အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် ဆန်ကွဲ ၆၈ ဒသမ ဝဝ တန်၊ ပြောင်း ၂၂ ဒသမ ဝဝ တန်၊ မြေထောက်ပဲ ၆၆ ဒသမ ဝဝ တန်၊ ကြိမ် ၃၃ ဒသမ ၇ဝ တန်၊ ပဲတီစိမ်း ၆၅ ဒသမ ဝဝ တန်၊ Lead Carbonate ၃၃ ဒသမ ဝဝ တန်နှင့် Aluminium Ingot ၂၉ ဒသမ ၅၂ တန် တင်ပို့နိုင်ခဲ့သည်။

ပို့ကုန်ပစ္စည်း ဈေးနှုန်းများအနေဖြင့် ဆန်တစ်တန်လျှင် ၄၆၉ ဒေါ်လာ၊ ဆန်ကွဲတစ်တန်လျှင် ၄၀၈ ဒေါ်လာ၊ တစ်သျှူးငှက်ပျော တစ်တန်လျှင် ၃၃၄ ဒေါ်လာ၊ ပြောင်းတစ်တန်လျှင် ဒေါ်လာ ၃၁၀ နှင့် ကြိမ်တစ်တန်လျှင် ဒေါ်လာ ၆၀၀၊ ပဲတီစိမ်းတစ်တန်လျှင် ဒေါ်လာ ၆၆၀၊ မြေထောက်ပဲတစ်တန်လျှင် ၁၄၈၄ ဒေါ်လာနှင့် Aluminium Ingot တစ်တန်လျှင် ၁၇၅၂ ဒေါ်လာ ဖြစ်သည်။

ယခုအပတ်အတွင်း သွင်းကုန်ပိုင်းအနေဖြင့် ဓာတ်မြေသြဇာ ၁၂၆ ဒသမ ဝဝ တန်၊ ပိတ်လိပ် ၅ဝ ဒသမ ဝဝ တန်၊ ထွန်စက်ခြောက်စီး ၊ ပီနံအိတ် ၆၃ ဒသမ ဝဝ တန်၊ ချည် ၁၅၉ ဒသမ ၃ဝ တန်၊ မြက်ခင်းတု ၁၅ ဒသမ ၅ဝ တန်၊ ရိတ်သိမ်းခြွေလှေ့စက် ၁၀ ခု၊ ပတ္တာကြိုး ၁၃ ဒသမ ဝဝ တန်၊ ပလတ်စတစ်ဖျာ ၁၅ ဒသမ ဝဝ တန်၊ ပန်ကာ ၁၅၀၀ ၊ ဖော့ဖျာ ၁၂ ဒသမ ဝဝ တန်၊ စက္ကူလိပ် ၇ ဒသမ ဝဝ တန်၊ ဘက်ထရီ ၃၅၀၀ နှင့် ကုန်စုံ ၂၂၈ ဒသမ ၁၉ တန်တို့ အများဆုံးတင်သွင်းနိုင်ခဲ့သည်။

သွင်းကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် ဓာတ်မြေသြဇာ (Organic Fertilizer) တစ်တန်လျှင် ဒေါ်လာ ၂၅၀ ၊ ဓာတ်မြေသြဇာ (Compound Fertilizer) တစ်တန်လျှင် ၃၉၈ ဒေါ်လာ၊ ထွန်စက်တစ်စီးလျှင် ဒေါ်လာ ၄၀၀၀၊ ပီနံအိတ်တစ်တန်လျှင် ၇၉၇ ဒေါ်လာ၊ ရိတ်သိမ်းခြွေလှေ့စက် တစ်စီးလျှင် ဒေါ်လာ ၇၂၀၀ ဖြစ်သည်။

လွယ်ဂျယ်နယ်စပ်ဒေသ ငွေကြေးဈေးကွက်အနေဖြင့် ဇူလိုင် ၂၃ရက်တွင် တစ်ယွမ်လျှင် ငွေကျပ် ၄၃၂ ဖြစ်ကြောင်း သိရသည်။

DOT (လွယ်ဂျယ်)

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့**

**သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## ၂၄ - ၇ - ၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုချောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော့မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၃၅၀၀ | | ၁၃၀၀၀ | ၈၇၀၀ | ၁၉၀၀၀ | ၃၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၃၅၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၂ | လားရှိုး | ၂၈၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၂၂၀၀၀ | ၃၂၀၀ | ၅၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၈၀၀ | ၈၀၀၀ | ၅၂၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၄၀၀ | | ၁၆၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၈၃၀၀ | ၈၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၂၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၂၇၀၀ | ၉၀၀၀ | ၇၅၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၇၅၀၀ | ၇၅၀၀ | ၃၈၀၀ | ၄၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၇၂၀၀ | ၅၅၀၀ | ၄၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၈၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၀၃၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၃၀၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၆၅၀ | | ၁၄၅၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၃၅၀၀ | | ၁၇၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၇၉၀၀ | ၉၅၀၀ | ၄၈၀၀ | ၈၅၀၀ | ၅၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၇၀၀ | ၃၇၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၂၉၀၀ | | ၁၅၀၀၀ | ၆၈၀၀ | ၁၈၀၀၀ | ၂၇၀၀ | ၉၂၀၀ | ၉၀၀၀ | ၄၁၀၀ | ၈၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၇၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၉၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၅၄၀၀ | ၁၇၀၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၈၀၀ | | ၁၄၀၀၀ | ၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၅၀၀ | ၅၈၀၀ | ၄၅၀၀ | ၃၅၀၀ | ၃၇၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | ၃၄၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၈၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၅၀၀ | | ၃၀၀၀၀ | ၃၀၀၀ | ၇၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၄၂၅၀ | | ၁၃၅၀၀ | ၇၇၀၀ | ၁၉၀၀၀ | ၂၁၀၀ | ၆၅၀၀ | ၈၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၆၆၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၃၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၃၆၀၀ | ၂၇၀၀ | ၁၃၅၀၀ | ၇၅၀၀ | ၂၂၀၀၀ | ၂၂၀၀ | ၇၂၀၀ | ၈၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၈၀၀ | ၉၁၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၁၃၀၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၂၃၀၀ | ၉၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၅၅၀၀ | ၆၅၀ | ၇၅၀၀ | ၇၅၀၀ | ၃၀၀၀ | ၃၂၀၀ | မ၃၄၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၈၀၀ | | ၁၂၅၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပြည် | ၂၆၅၀ | | ၁၃၅၀၀ | ၈၀၀၀ | ၂၅၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၅၀၀ | ၆၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၆၀၀ | | ၁၄၅၀၀ | ၇၂၀၀ | ၁၆၀၀၀ | ၂၃၀၀ | ၇၅၀၀ | ၇၂၀၀ | | ၉၀၀၀ | ၄၅၀ | ၇၈၀၀ | ၆၂၀၀ | ၂၈၀၀ | ၂၈၀၀ | ၃၆၀၀ | ၉၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၆၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၂၀၀ | | ၁၄၄၀၀ | ၆၇၀၀ | ၁၈၀၀၀ | ၂၄၀၀ | ၆၅၀၀ | ၇၂၀၀ | ၄၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၀၀၀ | ၅၈၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၄၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၈၅၀၀ |
| ၂၁ | နေပြည်တော် | ၃၂၀၀ | | ၁၅၀၀၀ | ၆၇၀၀ | ၁၈၅၀၀ | ၂၅၀၀ | ၆၈၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၅၀၀ | ၇၂၀၀ | ၅၈၀၀ | ၄၂၀၀ | ၃၀၀၀ | ၃၄၀၀ | ၁၀၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၈၅၀၀ |
| ၂၂ | ကလေး | ၃၂၀၀ | ၃၁၀၀ | ၁၄၀၀၀ | ၈၇၀၀ | ၂၂၀၀၀ | ၂၂၀၀ | ၄၅၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၇၀၀ | ၈၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) ညှော့မထဆန် တစ်ပြည်လျှင် ကျိုင်းတုံနှင့်မုံရွာတွင် ငွေကျပ် ၅၀၊ တောင်ကြီး၊ မန္တလေးနှင့် ပခုက္ကူတွင် ငွေကျပ် ၁၀၀၊ ငစိန်ဆန် တစ်ပြည်လျှင် တောင်ကြီးတွင် ငွေကျပ် ၁၀၀၊ စားအုန်းဆီတစ်ပိဿာလျှင် တောင်ကြီး၊ မုံရွာနှင့် ပဲခူးတွင် ငွေကျပ် ၂၀၀၊ မန္တလေး၊ စစ်တွေနှင့်ပခုက္ကူတွင် ငွေကျပ် ၃၀၀၊ ပြည်တွင် ငွေကျပ် ၇၀၀၊ ပုသိမ်၊ ပျဉ်းမနားနှင့်နေပြည်တော်တွင် ငွေကျပ် ၁၀၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၁၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် မြစ်ကြီးနား၊ လားရှိုးနှင့် ပုသိမ်တွင် ငွေကျပ် ၂၀၀၊ မြိတ်နှင့်ပခုက္ကူတွင် ငွေကျပ် ၁၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြစ်ကြီးနားနှင့်တောင်ကြီးတွင် ငွေကျပ် ၅၀၀၊ မြိတ်တွင် ငွေကျပ် ၂၀၀၊ စစ်တွေတွင် ငွေကျပ် ၁၀၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် တောင်ကြီးနှင့်မြိတ်တွင် ငွေကျပ် ၅၀၀၊ စစ်တွေတွင် ငွေကျပ် ၁၀၀၀၊ နနွင်းတက် တစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၃၀၀၊ မန္တလေးတွင် ငွေကျပ် ၅၀၀၊ ချင်းတစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၃၀၀၊ မန်ကျည်းသီးတစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၅၀၀၊ အာလူး တစ်ပိဿာလျှင် တောင်ကြီးနှင့် ပဲခူးတွင် ငွေကျပ် ၁၀၀၊ ကြက်သားနှင့်ဆိတ်သား တစ်ပိဿာလျှင် ပုသိမ်တွင် ငွေကျပ် ၃၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ပြည်တွင် ငွေကျပ် ၄၀၀၀ ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီ တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၁၀၀၊ စစ်တွေတွင် ငွေကျပ် ၃၀၀၊ ကြက်သွန်နီတစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၂၀၀၊ နနွင်းတက် တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၅၀၀၊ ချင်း တစ်ပိဿာလျှင် ပုသိမ်တွင် ငွေကျပ် ၁၀၀၀၊ ပျဉ်းမနားတွင် ငွေကျပ် ၃၀၀၊ နေပြည်တော်တွင် ငွေကျပ် ၅၀၀၊ မြေပဲတစ်ပိဿာလျှင် ပဲခူးတွင် ငွေကျပ် ၂၀၀၊ အာလူးတစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၃၀၀ ဈေးကျခဲ့ပါသည်။



အစိုးရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟု။

## အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု နှလုံးဆိုင်ရာအရေးပေါ်ဖြစ်ရပ်ကြောင့် ဆေးရုံတက်ရောက်ခဲ့ရ

**ဂျေရုဆလင် ဇူလိုင် ၂၄**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုသည် ၎င်း၏ အငြင်းပွားဖွယ် တရားစီရင်ရေး ပြင်ဆင်မှုအစီအစဉ်၏ အဓိက ဥပဒေတစ်ရပ်ကို ပါလီမန်၌ မဲမပေးမီ အရေးပေါ်နှလုံးဆိုင်ရာပြဿနာ တစ်ရပ်ဖြစ်ပွားပြီးနောက် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက ဆေးရုံမှ ဆင်းပြီဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ် နေတန်ယာဟုသည် တဲလ်အဗစ်အပြင်ရှိ ရှီဘာဆေးရုံမှ ဆင်းခွင့်ရပြီဖြစ်ကြောင်း ကြေညာချက်တစ်ခုတွင် ဝန်ကြီးချုပ်ရုံးက အတည်ပြုထားသည်။ အသက် ၇၃ နှစ်အရွယ်ရှိပြီဖြစ်သည့် ဝန်ကြီးချုပ်သည် ဇူလိုင် ၂၂ ရက်နှင့် ၂၃ ရက်အတွင်း ညတွင်းချင်းဆေးရုံတက်ရောက်ခဲ့ရကြောင်း၊ နှလုံးအတွင်း မြှုပ်သွင်းထားရသော နှလုံးခုန်နှုန်းမှန်စေသည့် ကိရိယာကို ၎င်း၏ရင်ဘတ်အတွင်း ထည့်ထားရကြောင်း ၎င်း၏ဆရာဝန်က ပြောကြားသည်။ အစ္စရေးပါလီမန်က လက်ယာစွန်းအစိုးရ၏ အငြင်းပွားဖွယ်တရားစီရင်ရေး ပြင်ဆင်ရေး အစီအစဉ်၏ ပထမဆုံးအဓိကဥပဒေပြုခြင်းအပေါ် နောက်ဆုံးမဲပေးမှု ပြုလုပ်ရန် သတ်မှတ်ထားသည့်နာရီပိုင်းအတွင်း ဆေးရုံမှ ဆင်းခွင့်ရခြင်းဖြစ်သည်။

ဇူလိုင် ၂၃ ရက်က သောင်းနှင့်ချီသည့် လူများက သဘောထားကွဲစေသည့် ပြင်ဆင်ခြင်းအပေါ် ကန့်ကွက်ခဲ့ကြောင်း သိရသည်။ အဆိုပါ အငြင်းပွားဖွယ်အစီအစဉ်အပေါ် နိုင်ငံတစ်ဝန်းဆန္ဒပြမှုများ ဖြစ်ပွားစေခဲ့သည်။ ဆန္ဒပြမှုများဖြစ်ပွားသည်မှာ ၂၉ ပတ်ဆက်တိုက်ရှိပြီဖြစ်သည်။ လေယာဉ်မှူးနှင့် အထူးတပ်ဖွဲ့များ အပါအဝင် အရန်တပ်သား ၁၀၀၀၀ ကျော်က အကယ်၍ ဥပဒေမူကြမ်း အတည်ပြုပါက တာဝန်မှ နုတ်ထွက်မည်ဟု ကြေညာခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## တွစ်တာလိုဂိုကို X ပုံစံသို့ ပြောင်းလဲသွားမည်ဟု အီလွန်မက်ခ်ပြော

**ဆန်ဖရန်စစ္စကို ဇူလိုင် ၂၄**

လူမှုကွန်ရက်မီဒီယာ တစ်ခုဖြစ်သော တွစ်တာ၏ ငှက်ငယ်အမှတ်တံဆိပ် (လိုဂို) ပုံစံကို အင်္ဂလိပ်အက္ခရာ စာလုံးအကြီး X ပုံစံသို့ ပြောင်းလဲသွားမည်ဖြစ်ကြောင်း အီလွန်မက်ခ်က ပြောကြားသည်။

ဇူလိုင် ၂၂ ရက်တွင် မက်ခ်က ၎င်း၏ တွစ်တာအကောင့်တွင် မိမိတို့သည် တွစ်တာအမှတ်တံဆိပ်ကို မကြာမီ နှုတ်ဆက်တော့မည် ဖြစ်ကြောင်းနှင့် တဖြည်းဖြည်း ငှက်အားလုံးကို ခွဲခွာတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တွစ်တာ၏ အမှတ်တံဆိပ်သစ်ဖြစ်သည့် X (အိတ်စ်) ကို လာမည့် တနင်္ဂနွေထက် နောက်မကျဘဲ ကမ္ဘာတစ်ဝန်းအသုံးပြုသွားတော့မည် ဖြစ်ကြောင်း မက်ခ်က ပြောကြားခဲ့သည်။

၎င်း၏ တွစ်တာအိုင်ကွန် (သင်္ကေတ) ကို ၎င်း၏မျက်နှာပုံစံမှ အင်္ဂလိပ်အက္ခရာ စာလုံးကြီး အိတ်စ်ပုံစံသို့ ပြောင်းလဲပြီးဖြစ်သည်။

မက်ခ်က တွစ်တာပလက်ဖောင်းကို ဘာပဲလိုလိုအသုံးချနိုင်သည့် အက်ပလီကေးရှင်းပုံစံတစ်ခုဖြစ်အောင် ပြောင်းလဲရန် မျှော်လင့်ထားသည်။ ယခု ပြောင်းလဲလိုက်သော အိတ်စ်ပုံစံ ပလက်ဖောင်းအသစ်တွင် နေ့စဉ် ဘဝ၌ အသုံးပြုလျက်ရှိသည့် သွင်ပြင်လက္ခဏာအသစ်များ ပါဝင်မည်ဖြစ်သည်။ တွစ်တာကို ဧပြီလတွင်အိတ်စ် ကော်ပိုရေးရှင်းနှင့် ပေါင်းစည်းခဲ့ပြီး အမှီအခိုကင်းသည့် ကုမ္ပဏီအဖြစ် ဆက်လက်မတည်ရှိတော့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**




## အင်ဒိုနီးရှားနိုင်ငံ၌ ကူးတို့လှေတစ်စင်း တိမ်းမှောက်၊ ၁၅ ဦးသေဆုံး

**ဂျကာတာ ဇူလိုင် ၂၄**

အင်ဒိုနီးရှားနိုင်ငံ အလယ်ပိုင်းဒေသ ကမ်းလွန်၌ ကူးတို့လှေတစ်စင်း တိမ်းမှောက်နစ်မြုပ်ခဲ့ရာ ၁၅ ဦး သေဆုံးခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဇူလိုင် ၂၄ ရက်က ဖော်ပြခဲ့သည်။

ကယ်ဆယ်ရေးအာဏာပိုင်များသည် ဇူလိုင် ၂၃ ရက် ညသန်းခေါင်တွင် ခရီးသည် ၄၀ တင်ဆောင်လာသော သစ်သားကူးတို့လှေတစ်စင်း ဆူလာဝေစီကျွန်း အရှေ့တောင်ပိုင်းကမ်းလွန်တွင် နစ်မြုပ်ခဲ့ကြောင်း သတင်းပေးပို့မှုတစ်ခု လက်ခံရရှိခဲ့သည်။

ကူးတို့လှေနစ်မြုပ်မှုဖြစ်စဉ်ကြောင့် ခရီးသည် ၁၉ ဦးမှာ ပျောက်ဆုံးလျက်ရှိသည်။

ကူးတို့လှေနစ်မြုပ်ရသည့် အကြောင်းရင်းကို ရှင်းရှင်းလင်းလင်းမသိရသေးချေ။ ဒေသခံများကို တင်ဆောင်ပြီး တစ်ရွာနှင့်တစ်ရွာ လွန်းပြန်ပြေးဆွဲနေသော ကူးတို့လှေသည် လူပိုတင်ဆောင်ခြင်းကြောင့် ဝန်နှင့်ခံနိုင်အားမမျှဖြစ်ကာ နစ်မြုပ်ခြင်းဖြစ်နိုင်သည်ဟု သက်ဆိုင်ရာအာဏာပိုင်များက ပြောသည်။

အင်ဒိုနီးရှားနိုင်ငံသည် ကျွန်းပေါင်း ၁၇၀၀၀ ခန့်ရှိသော ကျွန်းနိုင်ငံတစ်ခုဖြစ်သည်။ ကူးတို့လှေသည် နေ့စဉ်ဘဝတွင် တွေ့မြင်ရလေ့ရှိသည့် သယ်ယူပို့ဆောင်ရေး လမ်းကြောင်းတစ်ခုဖြစ်သည်။

ဘေးကင်းလုံခြုံရေး အဆင့်သတ်မှတ်ချက် အားနည်းသောကြောင့် အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံ၌ ပင်လယ်ရေကြောင်း မတော်တဆမှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်။ **အင်န်အိတ်ချ်ကေ**



အင်ဒိုနီးရှားလှေနစ်မြုပ်မှုတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကိုတွေ့ရစဉ်။



ကိုလံဘိုမြို့ စက်သုံးဆီအရောင်းဆိုင် တစ်ဆိုင်အနီး၌ စက်သုံးဆီဝယ်ယူရန် တန်းစီစောင့်ဆိုင်းနေသူများကို ပြီးခဲ့သည့်နှစ် ဧပြီလက တွေ့ရစဉ်။

## သီရိလင်္ကာနိုင်ငံ၌ စက်သုံးဆီပမာဏ လုံလောက်မှုရှိကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ကန်ချနာ ဝိဂျေဆီကီရာ ပြောကြား

**ကိုလံဘို ဇူလိုင် ၂၄**

သီရိလင်္ကာနိုင်ငံ၌ စက်သုံးဆီပမာဏ လုံလုံလောက်လောက်ရှိကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ကန်ချနာ ဝိဂျေဆီကီရာက ဇူလိုင် ၂၃ ရက်တွင် ပြောသည်။

ဇူလိုင် ၂၃ ရက် နံနက်ပိုင်းအထိ သီရိလင်္ကာနိုင်ငံ၌ ဒီဇယ် ၁၃၃၉၃၆ မက်ထရစ်တန်နှင့် စူပါဒီဇယ် ၆၁၉၂ မက်ထရစ်တန်ရှိကြောင်း နိုင်ငံ၏မြို့တော် ကိုလံဘိုရှိ သတင်းထောက်များအား ဝိဂျေဆီကီရာက ပြောသည်။

ထို့နောက် သီရိလင်္ကာနိုင်ငံ၌ အောက်တိန်း ၉၂ မက်ထရစ်တန် ၃၅၄၀၂ တန်နှင့် အောက်တိန်း ၉၅ မက်ထရစ်တန် ၅၃၆၇ တန်ရှိသည့်အပြင် ဂျက်လေယာဉ်စက်သုံးဆီ မက်ထရစ်တန် ၃၀၁၇၃ တန် သိုလှောင်သိမ်းဆည်းထားရှိကြောင်း အဆိုပါဝန်ကြီးက ထည့်သွင်းပြောသည်။

သီရိလင်္ကာနိုင်ငံအနေဖြင့် လာမည့်လတွင် ယာဉ်များအတွက် စက်သုံးဆီခွဲဝေပေးမှုကို ထပ်မံတိုးမြှင့်သွားရန်ဆုံးဖြတ်ထားကြောင်း ဝိဂျေဆီကီရာက မကြာသေးမီက ထုတ်ပြန်ကြေညာထားသည်။ ထိုကဲ့သို့ စက်သုံးဆီ တိုးမြှင့်ခွဲဝေချထားမှုသည် ယခုနှစ်တွင် တတိယအကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားအရန်ငွေ ပြတ်လပ်မှုကြောင့် စက်သုံးဆီဝယ်ယူရာ၌ အခက်အခဲများ ဖြစ်ပေါ်ပြီးနောက် ပြီးခဲ့သည့်နှစ်တွင် စက်သုံးဆီခွဲဝေချထားမှုကို စတင်အသုံးပြုခဲ့သည်။ **ဆင်ဟွာ**

## ဖိလစ်ပိုင်၌ တိုင်ဖွန်းဒေါ့ဆူရီ စူပါတိုင်ဖွန်းအဖြစ်သို့ ရောက်ရှိနိုင်ဟု ခန့်မှန်း

**မနီလာ ဇူလိုင် ၂၄**

တိုင်ဖွန်းဒေါ့ဆူရီ (Doksuri) မှာ ဆက်လက် အားကောင်းလာဖွယ်ရှိပြီး ဇူလိုင် ၂၅ ရက်နှောင်းပိုင်းနှင့် ဇူလိုင် ၂၆ ရက် အစောပိုင်းတွင် အလွန့်အလွန်အားကောင်းသော စူပါတိုင်ဖွန်းအဖြစ်သို့ ရောက်နိုင်ဖွယ်ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ မိုးလေဝသဌာနက ဇူလိုင် ၂၄ ရက်တွင် ခန့်မှန်းထားသည်။

ဒေါ့ဆူရီသည် အလွန့်အလွန် အားကောင်းသော တိုင်ဖွန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားကြောင်း ဖိလစ်ပိုင်လေထု၊ ဘူမိရူပနှင့် နက္ခတ္တဗေဒဆိုင်ရာ ဝန်ဆောင်မှု စီမံခန့်ခွဲရေးအဖွဲ့က ၎င်း၏နောက်ဆုံး သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ဒေါ့ဆူရီသည် ယခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်သည့် ပဉ္စမမြောက် ဆိုင်ကလုန်းမုန်တိုင်းဖြစ်ကြောင်း သိရသည်။ ဖိလစ်ပိုင်မိုးလေဝသဌာနသည် ရေကြီးရေလျှံမှုနှင့် မိုးရွာသွန်းမှု၊ ၎င်းနှင့်ဆက်နွယ်သော မြေပြိုကျမှုအန္တရာယ်ဖြစ်ပေါ်လာနိုင်သည့် အတွက် မြို့တော်မနီလာအပါအဝင် နိုင်ငံတစ်ဝန်းရှိ ဒေသအများအပြားသို့ သတိပေးချက်များ ထုတ်ပြန်ထားသည်။

ရာသီဥတု ဆိုးရွားမှုကြောင့် ခရီးသည် ၆၆၀၀ ကျော်၊ ကုန်တင်ယာဉ်မောင်းများနှင့် ကုန်ပစ္စည်းအတင်အချ ပြုလုပ်သူများသည် လူဇုံကျွန်း၌ သောင်တင်လျက်ရှိကြောင်းနှင့် ရေယာဉ် ၄၉ စင်း၊ ကုန်တင်ရေယာဉ် ၁၃၂၇ စင်းနှင့် လှေအသေး ၆၁ စင်းတို့မှာလည်း ဆိပ်ကမ်းများတွင် သောင်တင်လျက်ရှိကြောင်း ဖိလစ်ပိုင် ကမ်းခြေစောင့်တပ်ဖွဲ့က ပြောသည်။ **ဆင်ဟွာ**



ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ Model Auxiliary Verbs or Model Verbs တွေအကြောင်း ဖော်ပြလိုက်ပါတယ်။ အထူးသဖြင့် ဒီတစ်ပတ်မှာတော့ Should အကြောင်း ပြည့်ပြည့်စုံစုံလေးရှင်းပြထားပြီး လေ့ကျင့်ခန်းများနဲ့ အားဖြည့်ပေးထားပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း Shortest way to talk about “Vacation Plans” အားလပ်ရက်အစီအစဉ်နဲ့ပတ်သက်ပြီး ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာဖော်ပြပေးလိုက်ပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်တူ (Synonyms) စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်မှာတော့ Helping Verbs အကြောင်းနဲ့ပတ်သက်ပြီး Should နဲ့ Ought to တို့ရဲ့ အဓိပ္ပာယ်၊ အသုံးပြုပုံ၊ ဝါကျရေးဖွဲ့ပုံတွေကို သဘောပေါက်နားလည်အောင် နမူနာဝါကျတွေနဲ့ ဖော်ပြလိုက်ပါတယ်။

Ought to and Should

Both ‘ought to’ and ‘should’ may be used in the same sense. They express a duty to do something. ‘Ought to’ and ‘should’ refer to the present or future and are used for all persons without change.

‘ought to’ နဲ့ ‘should’ တို့ကို အဓိပ္ပာယ်ပြောင်းလဲခြင်းမရှိဘဲ သုံးနိုင်ပါတယ်။ ‘ought to’ နဲ့ ‘should’ တို့ကို တစ်ခုခုလုပ်ဖို့ တာဝန်ရှိတဲ့ သဘောမျိုးနဲ့သုံးပါတယ်။ ‘ought to’ နဲ့ ‘should’ တို့ကို လက်ရှိ ပစ္စုပ္ပန်ကာလ (Present) နဲ့ အနာဂတ်ကာလ (Future) တို့အတွက် အသုံးပြုနိုင်ပါတယ်။ ‘ought to’ နဲ့ ‘should’ တို့ကို Persons (ပုဂ္ဂိုလ်) အားလုံးအတွက် အသုံးပြုနိုင်ပါတယ်။ ‘ought to’ နဲ့ ‘should’ တို့ကို အတိတ်ကာလအတွက် ရည်ညွှန်းချင်ပါက

Ought to နဲ့ Should တို့ရဲ့အတိတ်ကာလပြဇယား

| Now | Yesterday |
|---|---|
| ought to do | ought to have done |
| should do | should have done |
| ought to leave | ought to have left |
| should leave | should have left |

Positive Form of ‘Ought to’ and ‘Should’

1. You ought to put it here.
2. You should give it to him.

Negative Form of ‘Ought to’ and ‘Should’

1. You ought not to put it here.
2. You should not give it to him.

Question Form of ‘Ought to’ and ‘Should’

1. Ought you to put it here?
2. Should you give it to him?

မှတ်ရန်

အပေါ်မှာ ဖော်ပြလိုက်တဲ့ ဝါကျတွေမှာ ‘ought to’ နဲ့ ‘should’ တွေ သုံးထားတာ တွေ့ရမှာဖြစ်ပါတယ်။ သို့သော်လည်း ‘should’ ဟာ ‘ought to’ ထက်ပိုပြီး အသုံးများပါတယ်။

Exercise (1) Rewrite these sentences, using ‘should’ or ‘shouldn’t’ in place of ‘ought to’ and ‘ought not to’.

e.g. 1. You ought to write more clearly.
You should write more clearly.
2. You ought not to run across the street.
You shouldn’t run across the street.

1. He ought to go to bed early.
2. She ought to behave herself.
3. You ought to leave in the morning.
4. You ought not to bathe in the river.
5. He ought not to borrow your pen.
6. They ought not to shout in class.
7. He ought to tell you about it.
8. She ought to wait for her brother.
9. I ought to be there by eight.
10. He ought not to believe what he says.
11. You ought not to leave your things here.
12. Your brother ought to be more careful.

Exercise (2) Turn these statements into questions. Begin with (a) ‘ought’ and (b) ‘should’.

e.g. He ought to lock the door every night.
(a) Ought he to lock the door every night?
(b) Should he lock the door every night?

1. He ought to wash it with soap and water.
2. We ought to get him a present.
3. She ought to see a doctor.
4. They ought to go by train.
5. He ought to tell the truth.

Exercise (3) Should and Ought to

Put these statements into the past, using ‘ought to’/’should’+ have+ a past participle. Also add the time expression in brackets at the end of each statement.

e.g. 1. He ought to repair it. (two days ago)
He ought to have repaired it two days ago.
2. She should tell you about it. (yesterday)
She should have told you about it yesterday.

1. You ought to do it. (yesterday)
2. We ought to ask him. (last night)
3. She should post the letter. (on Monday)
4. They ought to leave here. (last Saturday)
5. It ought to reach you. (a week ago)
6. He ought to answer the question. (just now)
7. She should see a doctor. (last evening)
8. They should play the game. (last Friday)
9. He should drive more carefully. (last night)
10. The train should arrive. (ten minutes ago)

ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ

Exercise (1) မှအဖြေများ

1. You should go
2. You should clean
3. You should visit
4. You should wear
5. You should take

Exercise (2) မှအဖြေများ


1. I don’t think you should buy it.
2. I think you should sell it.
3. I think she should have a holiday.
4. I don’t think they should get married.
5. I don’t think you should go to work.

## VOCABULARY (SYNONYMS)

1. separate (ခြားသည်။ ကွဲသည်။ ခွဲသည်။) join/unite (ဆက်သည်။ စပ်သည်။ပေါင်းသည်။)
2. slender (ကျစ်လစ်သော) = stout (ဝဖိုင့်သော၊ တုတ်ခိုင်သော)
3. smart (သပ်ရပ်ကြော့မော့သော) = stupid (ပေါ်တောတောကြောင်တောင်တောင် ထူသော အသော)
4. smile (ပြုံးသည်။) = frown (မျက်မှောင်ကြုတ်သည်။)
5. straight (ဖြောင့်သော) = crooked (ကောက်သော)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about “How was your trip?”

ဒီတစ်ပတ်မှာတော့ “How was your trip?” ခရီးစဉ်ဘယ်လိုလဲဆိုပြီးမေးမြန်းတဲ့အခါ ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို Shortest way to talk about “How was your trip?” ဆိုပြီး ဖော်ပြလိုက်ပါတယ်။

Conversation

How was your trip?

**Rosy (daughter on the phone):** Hey, mom, it’s me, how are you?

**Kathy (mom on the phone):** Hi, darling, I’m doing okay. The weather here hasn’t been too bad, so we could get out for lots of lovely walks.

**Rosy (daughter on the phone):** Oh, how nice!

**Kathy (mom on the phone):** How was your trip?

**Rosy (daughter on the phone):** Ha, OK. It started on a bit of a downer because of the flight delay, which I mentioned before, but it wasn’t too long, and we still managed to get into the resort for the evening buffet.

**Kathy (mom on the phone):** Oh, that’s good. I was a bit concerned when you messaged, especially with all the trouble at the airports these days.

**Rosy (daughter on the phone):** I know!

**Kathy (mom on the phone):** So, how was the food?

**Rosy (daughter on the phone):** Oh, it was divine. The selection was phenomenal; there was something for everyone. Even the chil–dren didn’t complain, although that might have been because ice-cream was available each day.

**Kathy (mom on the phone):** Wonderful, it’s always relief when the food is good. When me and your dad went to Europe on our all–inclusive trip, we planned our entire day around the food! Did you leave the resort at all?

**Rosy (daughter on the phone):** Yes, we spent the first couple of days by the pool because they had water slides and a wave machine, but on the third day, we ventured into the local town. There was a walled, old town, which was great for soaking up culture and atmosphere, and then the new town was full of exciting stops too.

**Kathy (mom on the phone):** Well, it sounds like you had a wonderful time. I’m so happy for you.

**Rosy (daughter on the phone):** Thanks, mom. When can we pop around? The kids chose a souvenir for you.

**Kathy (mom on the phone):** See u then, Love.

Language Focus

How was your trip?

၁။ ကိုယ်သွားခဲ့တဲ့ ခရီးစဉ်အကြောင်းမေးရင် ပြောလေ့ရှိတဲ့ မေးခွန်းပုံစံတစ်မျိုးဖြစ်ပါတယ်။ မြန်မာလိုကတော့ “မင်းရဲ့ ခရီးစဉ်ဘယ်လိုလဲ”ဖြစ်ပါတယ်။ ဒါကလည်း တစ်ယောက်ယောက်က ခရီးသွားပြီးပြန်လာရင် မေးလေ့ရှိတဲ့ ပုံစံတစ်မျိုးပါပဲ။ မှတ်လိုက်ကြရအောင်ပါ။

– A: How was your trip?
B: It’s very nice.

because of the flight delay

၂။ ဒီနေရာမှာ ရှင်းပြချင်တာကတော့ because နဲ့ because of တို့ရဲ့ ကွဲပြားခြားနားချက်ပဲဖြစ်ပါတယ်။ because နဲ့ because of ကတူသလိုနဲ့ ဖွဲ့စည်းပုံမတူပါဘူး။ အဓိပ္ပာယ်အားဖြင့်ကတော့ တူကြပါတယ်။ မြန်မာလို အကြောင်းပြချက်ပေးတဲ့ ပုံစံဖြစ်ပြီး “ကြောင့်” ဆိုပြီး အဓိပ္ပာယ်ကောက်နိုင်ပါတယ်။

Because + Sub + Verb

Because of + Noun/ Noun phrase လိုက်ရပါတယ်။ ဒီနေရာမှာကတော့ because of the flight delay ဆိုပြီးဖော်ပြထားပါတယ်။

a walled, old town

၃။ ဒီနေရာမှာ ပြောချက်တာကတော့ Adjective သုံးတဲ့ပုံစံဖြစ်ပါတယ်။ Adjective တွေရဲ့ နောက်မှာ Noun ပါမယ် အရှေ့မှာလည်း a, an တစ်ခုခုပါမယ်ဆိုရင် အခုဖော်ပြထားတဲ့ပုံစံ မျိုးဖြစ်တဲ့ a walled, old town ဆိုပြီး “,” လေးခံပြီး ဖော်ပြရေးသားနိုင်ပါတယ်။ စကားပြောမှာ သိပ်မသိသာပေမယ့် အရေးမှာတော့ မှားလို့မရပါဘူး။

we pop around

၄။ နောက်တစ်မျိုးကတော့ pop around ပဲဖြစ်ပါတယ်။ သွားလည်တယ်၊ အလည်သွားတယ်လို့ အဓိပ္ပာယ်ရပါတယ်။ ဒါကလည်း နေ့စဉ်လူမှုဘဝမှာ တွေ့ရများတဲ့ အသုံးတစ်ခုပါပဲ။ ဥပမာ –

– If you’re free this Saturday, why don’t you pop around for a moment.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၈၁ | ဦးသန့်စိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

# ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာ

နေပြည်တော် ဇူလိုင် ၂၄

မြန်မာနိုင်ငံ၌ မေ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

သတင်းစဉ်

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅ -၇-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| 95 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (500 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (50 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (10 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၈ | ၂၀၇၄ |
| 95 Ron | ၂၂၀၈ | ၂၂၈၇ |
| HSD (500 ppm) | ၂၀၉၀ | ၂၁၆၂ |
| HSD (50 ppm) | ၂၁၆၅ | ၂၂၃၈ |
| HSD (10 ppm) | ၂၁၆၅ | ၂၂၃၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၆၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အထက်ရဲရွာမှ ဖော်ဆောင်ပေးမည့် အလင်းစွမ်းအား

လင်းသစ်

အရှိန်ဖြင့် စီးဆင်းနေသော မြစ်၏ဘေးဘက်တွင် တောင်နံရံများကို ရေထိန်းနံရံအဖြစ် ပြုပြင်ပြောင်းလဲခြင်း၊ ရေယူကွန်ကရစ်အဆောက်အအုံ တည်ဆောက်ခြင်းအပါအဝင် လုပ်ငန်းရပ်များစွာကို ဆောင်ရွက်ရင်း စီမံကိန်းလုပ်ငန်းခွင်သည် သက်ဝင်လှုပ်ရှားနေသည်။ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးကို ဦးစားပေးကာ စီမံကိန်းလျာထားလုပ်ငန်းများကို ပြီးစီးအောင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ဝန်ထမ်းများသည် အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို အားစိုက်ဆောင်ရွက်လျက်ရှိသည်။



အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်။

- **အထက်ရဲရွာစီမံကိန်းမှ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အဖြစ် ရေအားအရင်းအမြစ်ကို အသုံးချခြင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းလမ်းများကို အသုံးပြုဆောင်ရွက်သွားမည်**
- **နိုင်ငံအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အထောက်အကူပြုနိုင်စေရန် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနသည် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများကို သတ်မှတ်ကာလတွင် စနစ်တကျ အချိန်မီပြီးစီးနိုင်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လက်ရှိဆောင်ရွက်ဆဲဖြစ်သည့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းကို ၂၀၂၅ ခုနှစ်တွင် ရာခိုင်နှုန်းပြည့်ပြီးစီးအောင် ကြိုးပမ်း**

**လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အထောက်အကူပြုမည်**

အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း ပြီးစီးသွားပါက ၂၈၀ မဂ္ဂါဝပ်ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ နှစ်စဉ်လျှပ်အား ကီလိုဝပ်နာရီ ၁၄၀၉ သန်းကို ဓာတ်အား ကွန်ရက်စနစ်မှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ဖြူးသွားနိုင်မည်ဖြစ်သည်။ ထိုသို့ ထုတ်လုပ်ဖြန့်ဖြူးသွားနိုင်မည့် လျှပ်စစ်ဓာတ်အားသည် နိုင်ငံအတွင်းရှိ လူဦးရေ ၃ ဒသမ ၇ သန်းနှင့် နိုင်ငံ့လူဦးရေ စုစုပေါင်း၏ ၆ ဒသမ ၆ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အားတိုးတက်သုံးစွဲနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

"အခု လက်ရှိခံစားရတဲ့ အကျိုးကတော့ ဒေသခံတွေအတွက် အလုပ်ရတယ်။ စီမံကိန်းက နှစ်နဲ့ချီဆောင်ရွက်တော့ အလုပ်အကိုင် အခွင့်အလမ်းပေါ်တယ်။ ပြီးတော့ ကျွန်တော်တို့ရွာဆိုရင် မီးရရှိနေပါပြီ။ ဒီစီမံကိန်းက တစ်နိုင်ငံလုံးသုံးဖို့ ရည်ရွယ်ပြီး ဆောင်ရွက်တာဖြစ်တဲ့အတွက် ကိုယ့်ဒေသကနေ ကိုယ့်လူမျိုးတွေအတွက် တစ်ဖက်တစ်လမ်းကနေ ကူညီခွင့်ရတယ်ဆိုတဲ့ စိတ်နဲ့အလုပ်လုပ်ဖြစ်ပါတယ်" ဟု စီမံကိန်းတွင် အလုပ်လုပ်ကိုင်နေသည့် တောင်ခြေရွာမှ ဦးစိုင်းလောင်(ဝ်)ခမ်းက ပြောသည်။

လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အထက်ရဲရွာရေအား လျှပ်စစ်စီမံကိန်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့တောင်ဘက် မိုင် ၂၀ ခန့်အကွာ တောင်ခြေကျေးရွာအနီးရှိ မြစ်ငယ်မြစ်ပေါ်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနက ဆောင်ရွက်နေသည့် စီမံကိန်းဖြစ်သည်။

**စီမံကိန်းဆောင်ရွက်ခြင်း**

မြစ်ငယ်မြစ်ပေါ်ရှိ ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ၁၉၅၄ ခုနှစ်တွင် ဗြိတိသျှကုမ္ပဏီ Sir Alexandra Gibb & Partners က ဦးစွာစူးစမ်းလေ့လာမှုကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဆက်လက်၍ မြန်မာ့လျှပ်စစ် ဓာတ်အားလုပ်ငန်းက ၁၉၇၃ ခုနှစ်တွင် စူးစမ်းလေ့လာမှု ဆောင်ရွက်ခဲ့သည်။ ထို့အတူ Burma Umbrella Project အစီအစဉ်အရ ဂျပန်နိုင်ငံ NEWJEC ကုမ္ပဏီက ၁၉၇၈ ခုနှစ်တွင် လေ့လာမှုဆောင်ရွက်ခဲ့သည်။ ထိုမှတစ်ဖန် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ဆွစ်ဇာလန်နိုင်ငံ Colenco Power Engineering Co.,Ltd တို့ ပူးပေါင်းကာ လေ့လာမှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ကြပြီး နိုင်ငံနှင့်ဒေသ လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် အကျိုးဖြစ်ထွန်းနိုင်သည်ကို လေ့လာတွေ့ရှိကြသည်။



**စီမံကိန်းလုပ်ငန်းများ**

"စီမံကိန်းလုပ်ငန်းရဲ့အောက်မှာ လုပ်ငန်းရပ်တွေက အများကြီးရှိပါတယ်။ နိုင်ငံကို အကျိုးပြုမယ့် စီမံကိန်းတစ်ခုဖြစ်တာမို့ စီမံကိန်းသတ်မှတ်ချက်အတိုင်း အချိန်မီပြီးစီးဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်းအစမှာ အကြိုလုပ်ငန်းတွေအနေနဲ့ စီမံကိန်းချဉ်းကပ်လမ်း ဖောက်တာ၊ ဒီလမ်းကို အဆင့်မြှင့်တာ၊ စီမံကိန်းစခန်းတည်ဆောက်တာ၊ ရေ၊ မီးရရှိရေး၊ စူးစမ်းလေ့လာတိုင်းတာရေး စသဖြင့် လုပ်ငန်းတွေကို အဆင့်ဆင့် ဆောင်ရွက်ရတာဖြစ်ပါတယ်။ ပြီးတော့ ရေလွှဲဥမင်လိုဏ်၊ ယာယီရေတားတမံ၊ ပင်မတမံတည်ဆောက်တာ၊ ရေယူအဆောက်အအုံနဲ့ ရေသွယ်ဥမင်လိုဏ် တည်ဆောက်တာ၊ ဖိအားမြင့် သံမဏိပိုက်လိုင်း ဆောင်ရွက်တာနဲ့ ဓာတ်အားပေးစက်ရုံ တည်ဆောက်တာစတဲ့ လုပ်ငန်းတွေကိုလည်း တစ်ပါတည်း အကောင်အထည်ဖော်ရပါတယ်" ဟု ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၃) တည်ဆောက်ရေးမှ ဦးစီးအရာရှိ ဦးဖုန်းကြွယ်က ပြောသည်။

အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ ၅၃ ဒသမ ၂၁ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုအနေဖြင့် ရေယူအဆောက်အအုံကွန်ကရစ် သွန်းလောင်းခြင်းလုပ်ငန်း၊ ပင်မတမံမြေကြီး ကျောက်သားတူးဖော်ခြင်းနှင့် ခိုင်ခံ့မှုလုပ်ငန်း၊ စိန်လွန်တွင်းတူးဖော်ခြင်းနှင့် ဘိလပ်မြေဖိသွင်းခြင်းလုပ်ငန်း၊ RCC/CVC ခွဲကျောက်များ ကြိတ်ခွဲထုတ်လုပ် စုဆောင်းခြင်းလုပ်ငန်းများကို ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနက ဆောင်ရွက်ခဲ့သည်။

ယခု ဘဏ္ဍာနှစ်တွင် ရေယူအဆောက်အအုံလုပ်ငန်း၊ ပင်မတမံ စိန်လွန်တွင်းတူးဖော်ခြင်းနှင့် ဘိလပ်မြေဖိသွင်းခြင်းလုပ်ငန်း၊ precast ကွန်ကရစ်သွန်းလောင်းခြင်းလုပ်ငန်းများကို လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနမှ သိရသည်။

**သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံး နည်းလမ်းများ အသုံးပြုမည်**

မြန်မာ့လျှပ်စစ်ဓာတ်အားစနစ်အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ၊ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ၊ ကျောက်မီးသွေးသုံးဓာတ်အားပေး စက်ရုံနှင့် ပြည်ပမှတင်သွင်းသော LNG ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတို့မှ ဖြစ်သည်။ အထက်ရဲရွာစီမံကိန်းမှ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အဖြစ် ရေအားအရင်းအမြစ်ကို အသုံးချခြင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းလမ်းများကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အထောက်အကူပြုနိုင်စေရန် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနသည် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများကို သတ်မှတ်ကာလတွင် စနစ်တကျ အချိန်မီ ပြီးစီးနိုင်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လက်ရှိဆောင်ရွက်ဆဲဖြစ်သည့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းကို ၂၀၂၅ ခုနှစ်တွင် ရာခိုင်နှုန်းပြည့် ပြီးစီးအောင် ကြိုးပမ်းဖော်ဆောင်လျက်ရှိကြောင်း သိရသည်။

"စီမံကိန်းအကောင်အထည်ဖော်ရာမှာ ရေဝပ်ဧရိယာအတွင်း ကျရောက်တဲ့ ကျေးရွာတွေအတွက်လည်း ထိခိုက်မှုအနည်းဆုံးဖြစ်စေဖို့နဲ့ လူမှုစီးပွားအခြေအနေနဲ့ပတ်သက်ပြီးတော့ မူလထက်သာလွန်ကောင်းမွန်တဲ့ အခြေအနေရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားပါမယ်" ဟု အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းမှ ဦးစီးအရာရှိဦးသိန်းဇော်က ပြောသည်။

မြစ်ငယ်မြစ်ပေါ်၌ ဆောင်ရွက်ပြီး ရဲရွာရေအားလျှပ်စစ်စီမံကိန်းမှ ၇၉၀ မဂ္ဂါဝပ်ထုတ်လုပ်ကာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။ ထို့အတူ အထက်ရဲရွာစီမံကိန်း ၂၈၀ မဂ္ဂါဝပ်၊ နမ္မတူ (သီပေါ) စီမံကိန်း ၂၁၀ မဂ္ဂါဝပ်၊ အလယ်ရဲရွာစီမံကိန်း ၇၃၅ မဂ္ဂါဝပ်နှင့် ဒီးဒုတ်စီမံကိန်း ၆၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

အချုပ်အားဖြင့်ဆိုရလျှင် ပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဆောင်ရွက်မှုများကို လျှပ်စစ်ကဏ္ဍသည် တစ်ထောင့်တစ်နေရာမှ ဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ နေ့စဉ်နှင့်အမျှ လိုအပ်သောလျှပ်စစ်ဓာတ်အားကို အထောက်အကူပြု ဖြည့်တင်းပေးပြီး ပြည်သူ ၃ ဒသမ ၇ သန်းအား အကျိုးပြုနိုင်မည့် အလင်းစွမ်းအားကို ဖြန့်ဖြူးပေးသွားရန်အတွက် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းကို ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက်ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၄

ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အစိုးရရပ်ကွက်ရှိ လေယာဉ်ကွင်းသွားလမ်းတစ်လျှောက် လမ်းဘေး ဝဲ/ယာ၌ နယ်မြေခံတပ်နယ်မှ တပ်မတော်သားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါရပ်ကွက်ရှိ ထောင်ပိုင်ကွင်းဧရိယာ၌ မိုးစပါး စနစ်တကျစိုက်ပျိုးနိုင်ရေး ကွင်းသရုပ်ပြပွဲ ဆောင်ရွက်နေမှုနှင့် ကောက်စိုက်စက်ဖြင့် တောင်သူများ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးဗန်းများနှင့် ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုအားပေးကာ တိုင်းရင်းဆေးလုပ်ငန်းရှင်များမှ ပေးပို့လှူဒါန်းသည့် တိုင်းရင်းဆေးမျိုးစုံကို ဝေငှပေးကြသည်။

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စားသုံးသူရေးရာဦးစီးဌာနရှိ ဂိုဒေါင်သို့ သွားရောက်ပြီး ထောက်ပံ့ပစ္စည်းများ စာရင်းဇယားများနှင့်ကိုက်ညီမှု ရှိ မရှိ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် ဦးဥတ္တမခန်းမ၌ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ပြီး လေဘေးသင့်ကျေးရွာအုပ်စု ၄၈ အုပ်စုမှ တာဝန်ရှိသူများအား ဆန်နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ MEC (မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်)မှ ထုတ်လုပ်သည့် ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများကို ပြည်သူလူထုထံ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။ ထို့ပြင် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း မေယုရတနာခန်းမ၌ အနောက်ရပ်ကွက်နှင့် မြို့မရပ်ကွက်နေ ပြည်သူများအား မြို့သန့်ရှင်းသာယာလှပရေး အသိပညာပေးဟောပြောဆောင်ရွက်ခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောနေမှုများကို သွားရောက်ကြည့်ရှုပြီး အားပေးစကားများ ပြောကြားသည်။





ထို့အတူ ချင်းပြည်နယ် ပလက်ဝမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် နေဝင်းအောင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ရိက္ခာရပ်ကွက်ရှိ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်သို့ သွားရောက်၍ ဆရာတော်ဘဒ္ဒန္တဇောတိကထံမှ ငါးပါးသီလခံယူပြီး ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကာ **(အပေါ်ပုံ)** ကျောင်းဝင်းအတွင်းရှိ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၌ မိဘမဲ့ကျောင်းသားများအား ဗလာစာအုပ်များ ထောက်ပံ့လှူဒါန်းကြသည်။ ထို့ပြင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ကီမိုခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



နေပြည်တော် ဇူလိုင် ၂၄

ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ် ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ခြောက်နိုင်ငံဖိတ်ခေါ် စီနီယာစကိတ်ပြိုင်ပွဲ မြန်မာရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှစ်ခုရရှိ

ရန်ကုန် ဇူလိုင် ၂၄

အာရှ Speed Skating Technical အဖွဲ့၏ ဖိတ်ခေါ်မှုဖြင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဇူလိုင် ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သော ခြောက်နိုင်ငံဖိတ်ခေါ် စီနီယာစကိတ် (Arsec–Asia Inline Speed Skating Challenge 2023) ပြိုင်ပွဲတွင် မြန်မာစကိတ်အားကစားသမားများက ရွှေနှစ်ခု၊ ငွေနှစ်ခု ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲတွင်မြန်မာကိုယ်စားပြုစကိတ်အသင်းမှ မောင်အောင်ကျော်ဇင်(Team Phoenix)က မီတာ ၅၀၀ တွင် ရွှေတစ်ခု၊ မီတာ ၁၀၀၀ တွင် ငွေ တစ်ခု၊ မောင်ခင်လှိုင် (တံ့တေးစကိတ်အသင်း)မှ မီတာ ၁၀၀၀ အပြေးတွင် ရွှေတစ်ခု၊ မီတာ ၅၀၀ တွင် ငွေတစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ ယင်းပြိုင်ပွဲတွင် အိမ်ရှင်ထိုင်း၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ကမ္ဘောဒီးယား၊ မြန်မာနိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။




**အာကာစိုး**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

❖ *ကျောဖုံးမှ*

ထိန်းချုပ်ကစားနိုင်ခဲ့ပြီး လိုအပ်သည့် သွင်းဂိုးများ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အုပ်စု (ဆ) မှ နာမည်ကြီး အီတလီနှင့် အာဂျင်တီးနားအသင်းတို့ပွဲစဉ်ကို မွန်းလွဲ ၁၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ပြီး အီတလီအသင်းက ပွဲချိန်ပြည့်ခါနီးတွင် ရရှိခဲ့သော ဂီရယ်လီ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အာဂျင်တီးနားအသင်းကို အနိုင်ရရှိခဲ့သည်။ အာဂျင်တီးနားအသင်း၏ ကစားဟန်ကောင်းမွန်မှုရှိသော်လည်း အီတလီအသင်း၏ ခံစစ်နှင့် ဂိုးသမားတို့ကို ကျော်လွှားနိုင်ခြင်း မရှိခဲ့ပေ။

အုပ်စု (စ) မှ အသင်းကြီး ဘရာဇီးနှင့် ပနားမားအသင်းတို့ပွဲစဉ်ကို ညနေ ၅ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ပြီး ဘရာဇီးအသင်းက လေးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ နှစ်သင်းကြား ခြေစွမ်းကွာလွန်းခဲ့ပြီး ပနားမားအသင်းက ဘရာဇီးအသင်းဘက်သို့ ရံဖန်ရံခါမှသာ ထိုးဖောက်တိုက်စစ်ဆင်မှု ပြုလုပ်နိုင်ခဲ့သည်။ ဘရာဇီးအသင်းက ဂိုးအသာ၊ ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး ဂိုးပြတ်နိုင်ပွဲဖော်နိုင်ခဲ့ခြင်းဖြစ်သည်။ ယခုပွဲစဉ်တွင် ဘရာဇီးကွင်းလယ်ကစားသမား ဘော်ဂက်စ်သည် အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး ဟက်ထရစ်ရယူနိုင်ခဲ့သည်။

**အောင်ဇော်**

# မြောင်းမြခရိုင်အတွင်း စပါးခွံလောင်စာဖြင့် ဆန်စက်လည်ပတ်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ပုသိမ် ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၃ ရက်က မြောင်းမြခရိုင်အတွင်း စပါးခွံလောင်စာ Gasifier ဖြင့် ဆန်စက်လည်ပတ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)



တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြောင်းမြမြို့ ခိုင်ရတနာဆန်စက်သို့ သွားရောက်၍ စပါးခွံလောင်စာသုံး Gasifier ဖြင့် စက်ရုံလည်ပတ်မှုအခြေအနေများ၊ Gasifier စနစ်မှ ထွက်ရှိသည့် ရေဆိုးများကို ရေစစ်ကန်စနစ်ဖြင့် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုပြီး ဌာနဆိုင်ရာများ၊ ဆန်စက်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီးအတွင်း၌ Gasifier ဖြင့် လည်ပတ်သည့် စက်ရုံ ၅၀၀ ခန့်ရှိကြောင်း၊ မိမိတို့တိုင်းဒေသကြီးသည် Gasifier အများဆုံး အသုံးပြုသည့် တိုင်းဒေသကြီးဖြစ်ပြီး လျှပ်စစ်လိုအပ်ချက်အတွက် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆန်စက်များအနေဖြင့် Gasifier အသုံးပြုလည်ပတ်၍ ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်သည်ကို တွေ့မြင်ရမည်ဖြစ်ပြီး Gasifier အသုံးပြုလည်ပတ်သည့် ဆန်စက်များအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးကိုလည်း အထူးအလေးထား လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက Gasifier အသုံးပြုသူများအနေဖြင့် လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဝါးခယ်မမြို့ တော်ဝင်ဆန်စက်(၂)၊ အိမ်မဲမြို့ သီရိဇေယျာအောင် ဆန်စက်များသို့ သွားရောက်ပြီး Gasifier ဖြင့် စက်ရုံလည်ပတ်မှု အခြေအနေများ၊ Gasifier စနစ်မှထွက်ရှိသည့် ရေဆိုးများကို ရေစစ်ကန် စနစ်ဖြင့်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆန်ကြိတ်ခွဲမှုလုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးကာ Gasifier စနစ်မှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းမှုမရှိစေရန်နှင့် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လည်ပတ်မောင်းနှင်ရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့၏ အကြံပြုချက်များအပေါ် စနစ်တကျ လိုက်နာ ဆောင်ရွက်စေရန်နှင့် လေထုညစ်ညမ်းမှု မရှိစေရေး၊ စွန့်ပစ်ပစ္စည်းများမှ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး စနစ်တကျဆောင်ရွက်ကြရန်၊ ပိုမိုကောင်းမွန်သည့် ရေသန့်စင်စနစ်များ အသုံးပြုစေရေး မှာကြားသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မင်းဘူး(စကု)မြို့နယ်၌ မိုးနေကြာနှင့် ဝါသီးနှံ မျိုးစေ့ထုတ်စိုက်မည့် တောင်သူများအတွက် သီးနှံမျိုးစေ့များထောက်ပံ့

**မင်းဘူး ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်အတွင်း မိုးနေကြာနှင့် ဝါသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ မျိုးကောင်းမျိုးသန့်များကို တောင်သူအချင်းချင်း မျိုးသန့်ပွားသုံးစွဲနိုင်ရေးနှင့် စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးတို့အတွက် နေကြာနှင့် ဝါသီးနှံမျိုးစေ့ထုတ် စိုက်ခင်းဆောင်ရွက်မည့် ဒေသခံ တောင်သူများအား သီးနှံမျိုးစေ့များ အခမဲ့ ထောက်ပံ့ပေးခြင်းကို ဇူလိုင် ၂၂ ရက်က ကန်ရေကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်သည်။

ထောက်ပံ့ပေးရာတွင် မင်းဘူးခရိုင်/မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကန်ရေကျေးရွာမှ မျိုးစေ့ထုတ်စိုက်ခင်းများ ဆောင်ရွက်မည့် နေကြာသီးနှံစိုက် တောင်သူ ၃၁ ဦး၏ စိုက်ဧက ၁၁၈ ဧကအတွက် ရေဆင်းစပ်မျိုးနေကြာ ၆၅ ထုပ် နှင့် ဆင်းရွှေကြာ-၂ နေကြာမျိုးစေ့ ၅၃ ထုပ်၊ ဝါသီးနှံစိုက် တောင်သူခြောက်ဦး၏ စိုက်ဧက ၆၆ ဧကအတွက် ရွှေတောင်-၁၀ ဝါမျိုးသန့် ၁၉၈ ပိဿာကို အခမဲ့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ မျိုးစေ့ထုတ် စိုက်ခင်းဆောင်ရွက်မည့် ဒေသခံတောင်သူများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က စိုက်ပျိုးစွမ်းအားမြှင့်တင်ရေး အစီအစဉ်ဖြင့် ကူညီပံ့ပိုးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အခမဲ့ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဒေသတွင်း နေကြာသီးနှံတိုးချဲ့စိုက်ပျိုးရေး မျိုးသန့်ပွားအစီအစဉ်ဖြင့် နေကြာအထွက်ကောင်းမျိုးရေးဆင်း-၁ စပ်မျိုးနေကြာ မျိုးသန့်ထုတ်လုပ်ရေးစိုက်ခင်း ၁၅ ဧက၊ တောင်သူအချင်းချင်း မျိုးသန့်ပွား အစီအစဉ်ဖြင့် ဆင်းရွှေကြာ-၂ နေကြာ မျိုးစေ့ထုတ် စိုက်ခင်းဧက ၂၃၀၊ ချည်မျှင်ရှည်ဝါ တိုးချဲ့စိုက်ပျိုးရေးအစီအစဉ်ဖြင့် ငွေချည်-၁၁ ဝါမျိုးသန့်စိုက်ခင်းဧက ၅၀၀ နှင့် ရွှေတောင်-၁၀ မျိုးသန့် ၂၂၉၁ ဧကစာအတွက် မျိုးသန့် မျိုးစေ့များကို တောင်သူများ လက်ဝယ်အရောက် အခမဲ့ထောက်ပံ့ ပေးအပ်ထားပြီးဖြစ်ကြောင်း၊ သီးနှံစိုက်ပျိုးချိန်တွင် စိုက်ပျိုးနည်းစနစ်မှန်ကန်စေရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးတို့အတွက် သီးနှံစိုက်တောင်သူများနှင့်အတူ ပူးပေါင်းပြီး သွင်းအားစုနှင့် စိုက်ပျိုးနည်းပညာများကို စိုက်ပျိုးဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်လင်းက ပြောသည်။



မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၃ ခုနှစ် စိုက်ပျိုးရာသီတွင် မိုးနေကြာသီးနှံကို ၆၅၇၆ ဧကနှင့် ဝါသီးနှံကို ၁၀၁၄၈ ဧကအထိ တိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိပြီး ယနေ့အထိ မိုးနေကြာသီးနှံကို ၇၉၈ ဧကနှင့် ဝါသီးနှံကို ဧက ၆၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မောင်မောင်(မင်းဘူး)**



# ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြ

**မော်လမြိုင်ကျွန်း ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ စက်မှုလယ်ယာဦးစီးဌာန အမှတ် (၅၃) စက်မှုလယ်ယာစခန်းမှ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ဝက်ကွင်းကျေးရွာကွင်းအမှတ် (၁၂၅၇)၊ ဦးပိုင်အမှတ် (၅/၂၉)ရှိ တောင်သူတစ်ဦး၏ လယ်မြေ၌ ဇူလိုင် ၂၄ ရက်က ပြုလုပ်သည်။

သရုပ်ပြပွဲတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးခိုင်ဟိန်းဇော်က ကောက်စိုက်စက်ဖြင့် မိုးစပါးပျိုးခြင်းအားဖြင့် လုပ်အားခသက်သာခြင်း၊ မျိုးစေ့ကုန်ကျမှုနည်းပါးခြင်း၊ ပျိုးထောင်ဧရိယာ အနည်းငယ်သာလိုအပ်ခြင်း၊ သန်မာ၍ ရောဂါကင်းသော ပျိုးပင်များ ရရှိစေခြင်း၊ ကောက်စိုက်ရာတွင် လုပ်သားအင်အားအသုံးပြုမှုနည်းပါးခြင်းနှင့် သက်သောင့်သက်သာစိုက်ပျိုးနိုင်ခြင်း၊ လုပ်ငန်းတွင်ကျယ်၍ ပိုမိုတိုးတက်ပြီးစီးခြင်း၊ လေဝင်လေထွက်ကောင်းခြင်း၊ ကောက်ပင်လှန်ရက်စောင့်ရန်မလိုခြင်း၊ ပင်ပွားနှုန်းကောင်းပြီး စပါးအထွက်နှုန်းကောင်းစေခြင်းနှင့် ကောက်စိုက်စက်အသုံးပြုစိုက်ပျိုးထားသဖြင့် ရိတ်သိမ်းချိန်တွင် ရိတ်စက်၊ ရိတ်သိမ်းခြွေလှေ့စက်များ အလွယ်တကူ ဝင်ရောက်ရိတ်သိမ်းနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း တောင်သူများအား အသိပညာပေးဆွေးနွေးသည်။ ထို့နောက် သရုပ်ပြပွဲကိုပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသီဟဇော်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

# အုတ်တွင်းမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် အိမ်နှစ်လုံးပျက်စီး

**အုတ်တွင်း ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ဇူလိုင် ၂၂ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းများကျိုးကျ၍ အိမ်နှစ်လုံးပျက်စီးခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် ကြွယ်ဂံကျေးရွာအုပ်စု ကြွယ်ဂံကျေးရွာနေ ဦးကျော်ဝေ၏နေအိမ်နှင့် ဦးမျိုးမင်းထွန်းတို့၏ နေအိမ်များပေါ်သို့ သစ်ပင်သစ်ကိုင်းများကျိုးကျသဖြင့် နေအိမ်များ ပျက်စီးခဲ့ပြီး တန်ဖိုးကျပ် ၂၃၀၀၀၀ ခန့် ဆုံးရှုံးခဲ့ကာ နေအိမ်ပေါ်သို့ လဲကျနေသော သစ်ပင်သစ်ကိုင်းများကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့များက ခုတ်ထွင်ရှင်းလင်းပေးထားကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**



ညောင်ဦးမြို့နယ် ပွန်ကျေးရွာ၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက ဇူလိုင် ၂၃ ရက်က ဆောင်ရွက်ပေးနေစဉ်။ (ညောင်ဦးမြို့နယ်အတွင်း ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်လိုပါက မြို့နယ် မီးသတ်ဦးစီးဌာန ဖုန်းနံပါတ် ၀၉-၄၀၁၃၄၄၀၅၉ သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။)

**ဒီပါလင်း**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၇-၂၀၂၃ အင်္ဂါနေ့

MRTV

Sports Diary

MRTV National News

mitv

07:01 Evergreen Classic: Aung Zay Ping Zay (Ei Ei Mon, Ei Ei Chon)
07:08 Alms Bowl
07:20 A Nun's Creation in Fruit Carving
07:36 On the River
08:01 News
08:26 World Heritage Site: Beikthano
08:44 Mahar Thakya Atula Man Aung - Nga Htat Kyee
09:01 Introductory Programme of Literary Award Winners (U Ye Dway)
09:24 Nga Laik Dam & Nga Laik Kan Tha Eco Resort
09:36 Listening Pleasure, Instrumental Music (Banjo) Kyama Doe Ywarkalay
09:44 Home for the Beautiful Star Tortoises
10:01 News
10:27 Myanmar Delicate Artistic Handy Creations - Lacquer Ware Making
10:53 World Drowning Prevention Day (25th July)

MRTV

MRTV National News

Education Channel

## ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ် ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေသွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။" **ကျန်းမာရေးဝန်ကြီးဌာန**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နတ်ဆိုး PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ ဖမ်းဆီးရမိ"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"PDF အကြမ်းဖက် သောင်းကျန်းသူများက ရထားလမ်းကို မိုင်းခွဲဖျက်ဆီးမှုကြောင့် အမြန်လူစီးရထားများ ခရီးစဉ်ကြန့်ကြာမှုဖြစ်ပွားခဲ့"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၇ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၅၅ ကျပ် | ၂၂၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၃၅ ကျပ် | ၂၂၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၇၅ ကျပ် | ၂၂၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၉၀ ကျပ် | ၂၃၄၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၈ ဦး တွေ့ရှိ

(၂၄-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၄၉၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၉၄,၂၄၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၉၈၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၇၇၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News


### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၈၃၀၀ | ၇၆၁ | ၆၂၇၆၆၀၀ |
| MTSH | ၂၈၅၀ | ၂၉၀၀ | ၂၃၆၄ | ၆၈၁၂၉၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၅၀၀ | ၁၅၅၀ | ၇၃၉၁ | ၁၁၄၅၅၄၅၀ |
| TMH | ၂၅၀၀ | ၂၄၀၀ | ၁၁၄ | ၂၇၄၆၀၀ |
| EFR | ၂၃၅၀ | ၂၄၅၀ | ၁၇၉ | ၄၂၃၅၅၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၉၂ | ၄၅၀၈၀၀ |
| MAEPC | ၁၇၀၀ | ၁၇၅၀ | ၆၁၀၅ | ၁၀၄၃၃၄၅၀ |

ညီညီ - စုစည်းသည်

# တရုတ်နိုင်ငံ ရွှေလီမြို့ ပေါက်ဖော်ပြည်ဝင်ပြည်ထွက်ဂိတ်ပြောဆိုကြေညာသည့်ချစ်ကြည်ရေးအဖွဲ့မှ ခြင်ဆေးဖျန်းစက်နှင့် ဆက်စပ်ပစ္စည်းများလှူဒါန်း

**မူဆယ် ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအယ်လ်စိုးထန်တူး၏ ချိတ်ဆက်ကူညီမှုဖြင့် ဇူလိုင် ၂၄ရက်က တရုတ်နိုင်ငံ ရွှေလီမြို့ ပေါက်ဖော်ပြည်ဝင်ပြည်ထွက်ဂိတ် ပြောဆိုကြေညာသည့်ချစ်ကြည်ရေးအဖွဲ့၊ မူဆယ်ခရိုင်ပြန်ကြားရေးအဖွဲ့နှင့်မိုင်းယု (၁၀၅)မိုင် ကြက်ခြေနီသူနာပြု အဖွဲ့တို့ပူးပေါင်းပြီး စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများနှင့် မေတ္တာစံအိမ် မိဘမဲ့ဂေဟာနေရာများတွင် သွေးလွန်တုပ်ကွေးရောဂါအကြောင်း အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများပြုလုပ်ပေးခဲ့ပြီး တရုတ်အဖွဲ့က မိုင်းယု (၁၀၅) မိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့အား ခြင်အန္တရာယ်နှင့် ပတ်သက်၍ သွေးလွန်တုပ်ကွေးရောဂါ၊ ချီကန်ဂန်ညာ(ဆင်တုပ်ကွေး)ရောဂါ၊ ဇီကာဗိုင်းရပ်စ်ရောဂါများ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ခြင်ဆေးဖျန်းစက်အပါအဝင် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

အဆိုပါပေးအပ်လှူဒါန်းရာတွင် ခြင်ဆေးဖျန်းဘူး ၁၅ ဖာ၊ ခြင်ဆေးဖျန်းစက်နှစ်လုံးနှင့် ခြင်ဆေးဖျန်းဆေးမှုန့် ဖာ ၂၀၊ တရုတ်ငွေယွမ် ၂၇၀၀၀၀ တန်ဖိုးရှိပစ္စည်းများကို ပေးအပ်လှူဒါန်းရာ မူဆယ်(၁၀၅)မိုင် ကြက်ခြေနီအသင်း တပ်ခွဲမှူး ဦးသန့်ဇင်နှင့် တပ်ဖွဲ့ဝင်များက လက်ခံယူသည်။

ပူးပေါင်းအဖွဲ့သည် မိုင်းယု(၁၀၅)မိုင် အခြေခံပညာ အထက်တန်းကျောင်း၌ ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူဆယ်ခရိုင် ဦးစီးမှူး ဦးအယ်လ်စိုးထန်တူးနှင့် တရုတ်နိုင်ငံ ရွှေလီမြို့ ပေါက်ဖော်ပြည်ဝင်ပြည်ထွက်ဂိတ် အဖွဲ့တာဝန်ရှိသူတစ်ဦးကလည်း ခြင်အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မူဆယ်(၁၀၅)မိုင်ကျောင်းရှိ ကျောင်းသူကျောင်းသားများကို အသိပညာပေးဟောပြောကာ



လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ ထို့အပြင် မိုင်းယု (၁၀၅)မိုင် ကျေးရွာအုပ်စုအတွင်းရှိ အထက်နမ့်ဟွယ်ကျေးရွာရှိ မေတ္တာစံအိမ် မိဘမဲ့ဂေဟာ၊ အောင်သီရိမင်္ဂလာသုခဘုန်းကြီးကျောင်းနှင့် ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးရောင်ခြည်စေတီမြတ်ကြီး၏ပရိဝုဏ်အတွင်း ခြင်ဆေးများ ဖျန်းပေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်းများ ပြုလုပ်ပေးပြီး တရုတ်အဖွဲ့သည် ညနေပိုင်းတွင်မူဆယ်ဘက်မှ တရုတ်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**သန့်ဇင် (မြန်မာ့အလင်း)**

# ပျဉ်းမနားမြို့နယ်၌ GW – 11 မျိုး နွေစပါးစံပြကွက်ရိတ်သိမ်း

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာ၌ နွေစပါးစံပြကွက် ရိတ်သိမ်းခြင်းကို ယနေ့နံနက်ပိုင်းက ကွင်းအမှတ် (၁၇၂၁)၊ ဦးပိုင် အမှတ် (၂၂၂)ရှိ တောင်သူဦးစန်းလွင်၏လယ်တွင် GW – 11 မျိုး နွေစပါးစံကွက် ရိတ်သိမ်းခဲ့ရာ အစိုချိန်ထွက်နှုန်း တင်း ၁၇၀ ထွက်ရှိခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးစိုးနိုင်ထံမှ သိရသည်။

နွေစပါးစံကွက် ရိတ်သိမ်းရာတွင် GW–11 စပါးမျိုးကို ဧက ၁၀၀ စိုက်ပျိုးခဲ့ပြီး တစ်ဧကလျှင် တင်း ၁၂၀ ထွက်ရှိရေး စိုက်ပျိုးရာ စံကွက်ရိတ်သိမ်း တွက်ချက်မှုအရ တစ်ဧကလျှင် စပါးအခြောက် တင်း ၁၆၀ နှုန်း ထွက်ရှိကြောင်း၊ အဆိုပါ စပါးမျိုးမှာ တောင်သူကိုယ်တိုင် မျိုးထိန်းမျိုးချန်စိုက်နိုင်သည့် အထွက်ကောင်း စပါးမျိုးဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်၌ ယခုနှစ်တွင် နွေစပါးဧက ၁၃၃၉ ဧက



စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ နွေစပါး စံကွက်ရိတ်သိမ်းပွဲသို့ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းမှူး ဦးစိုးနိုင်၊ ပျဉ်းမနားခရိုင်ဦးစီးမှူး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၄**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက ရွှေသံလွင်တိုးဂိတ်အနီး၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Owl Offline UPS အခု ၃၀၀ အပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၆၁၄၁၅၂) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MAN Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၆၁၄၁၅၂)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၂၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က မန္တလေး-လားရှိုးကားလမ်း၊ မိုင်တိုင်အမှတ် ၂၃ မိုင် ခြောက်ဖာလုံ၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ အကောက်ခွန်မဲ့ ပစ္စည်းများတွေ့ရှိရသဖြင့် မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ပို့ဆောင်ခဲ့ပြီး အသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Lion Head Food Colour ၂၇၀၀ ကီလိုဂရမ်၊ Castor Oil ၁၃၃၀ ကီလိုဂရမ်၊ BK Rechargeable Battery အလုံး ၁၀၀၊ LED Mini Flat Light အခု ၁၈၀ အပါအဝင် ကုန်ပစ္စည်း ၂၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၃၀၉၇၂၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီး၊ Tongya Semi Trailer နောက်တွဲယာဉ်တစ်တွဲ၊ Dong Feng Tractor Head တစ်စီးနှင့် Yu Chang Semi Trailer နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၃၀၉၇၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဇူလိုင် ၂၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်စိမ်းဟု ယူဆရသော ပုတီးလည်ဆွဲဆိုဒ်စုံ အခု ၁၈၀ အပါအဝင် ကုန်ပစ္စည်း ၂၉၈၅၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Mark II တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၈၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၁ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၄၇၇၃၈၇၂)ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။



**သတင်းစဉ်**


## အမျိုးသမီးများကို တရုတ်အမျိုးသားထံ ရောင်းစား၍ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇူလိုင် ၂၄**

အမျိုးသမီးများကို တရုတ်အမျိုးသားထံရောင်းစား၍ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ငါးနှစ်စီနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီ၊ ပြစ်ဒဏ်နှစ်ရပ်ကို တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နေ အေးမြတ်ငြိမ်း(ခ) အာ့နန် နှင့် ရှမ်းပြည်နယ် တန့်ယန်းမြို့နယ်နေ မအေးကျန်(ခ) ယိမ်းယိမ်း (ခ) ပလောင်မ တို့က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်နေ မ ----၊ ၂၅ နှစ်နှင့် မ ----၊ ၂၅ နှစ်တို့ကို တရုတ်ယောကျ်ားယူပါက မြန်မာငွေကျပ် သိန်း ၁၀၀ ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ပို့ဆောင်၍ တရုတ်မယားအဖြစ် ရောင်းစားကာ ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် မူဆယ်မြို့မရဲစခန်း (ပ)၁၂၂/ ၂၀၂၃၊လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၇(က)/၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့်၍ မူဆယ်ခရိုင်တရားရုံးသို့ တရားစွဲတင်ခဲ့ရာ ဇူလိုင် ၂၁ ရက်တွင် တရားခံ အေးမြတ်ငြိမ်း (ခ) အာ့နန်နှင့် မအေးကျန် (ခ) ယိမ်းယိမ်း (ခ) ပလောင်မတို့နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၇(က)အရ အလုပ်နှင့် ထောင်ဒဏ် ငါးနှစ်စီနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီ၊ ပြစ်ဒဏ်နှစ်ရပ်ကို တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စည်ပင်သာယာရေး၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ်တွင် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် တုံစင့်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသွားကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဖေကြီးကြပ်မှုဖြင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်ဦးနှင့် ဝန်ထမ်းများဆောင်ရွက်ရာ ရာနှုန်းပြည့်ပြီးစီးမှုကို ဇူလိုင် ၂၄ ရက်က ကြည့်ရှုစစ်ဆေးစဉ်။

စိုင်း(သီပေါ)

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## မြစ်ကြီးနားခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၀

ဒေါ်ဆိုင်းပန်လု နှင့် ဦးနာပါဇော်အောင်
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဦးရန်မျိုးထွန်း)

**တရားလို** **တရားပြိုင်**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အိမ်အမှတ်-၃၄၀၊ စက်မှုဇုန်-စီတာပူရပ်ကွက်နေ ဦးနာပါဇော်အောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄ဝ၉)** |

**အမှတ် (၁၈၇)၊ ပထမထပ်၊ သုဒဿနလမ်း၊ (၁၆/၂) ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း -ဝ၉-၂၅ဝ၆၈၅၇၁၇၊ ဝ၉-၇၉၇၆၄ဝ၆၁၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉/က)၊ မြေကွက်အမှတ်(၃/ခ)၊ လှော်ကားလမ်း၊ အကျယ်အဝန်းပေ(၂ဝx၆ဝ)၊ (၁၂ဝဝ)စတုရန်းပေ၊ ဧရိယာ ဝ ဒသမ ဝ၂၇ဧကရှိ နှစ်(၆ဝ)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဦးကုလားဖြူ(ခ) ဦးဇော်ဝင်း( YKI-ဝ၃၃၅ဝ၉)နှင့် ဒေါ်မြင့်မြင့်ဝေ(KLT-၁၂၉၇၃၃) ၁၂/မဂတ(နိုင်) ဝ၆၂၅ဝ၆တို့ (၂)ဦးပူးတွဲအမည်ပေါက် တည်ရှိပြီး ပူးတွဲအမည်ပေါက် ခင်ပွန်းဖြစ်သူ ကွယ်လွန်သွားခဲ့သဖြင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ဝေမှ တရားဝင် အမွေဆက်ခံပိုင်ဆိုင်လာခဲ့ပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်း ကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို (LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄ဝ၉)** |

**အမှတ် (၁၈၇)၊ ပထမထပ်၊ သုဒဿနလမ်း၊ (၁၆/၂) ရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့ ၊ ဖုန်း -ဝ၉-၂၅ဝ၆၈၅၇၁၇၊ ဝ၉-၇၉၇၆၄ဝ၆၁၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၁၁၁၈၊ ဒ-၃၁၁၂ဝ)၊ မြေဧရိယာ ဝ ဒသမ ၂၉၃ဧကရှိ ဦးရဲညွန့် (ဘ) ဦးအောင်ညွန့် ၁၃/တကန(နိုင်)ဝ၄၄၄၃၈ အမည်ပေါက် နှစ်(၃ဝ)မြေငှားစာချုပ် မြေကွက်(၂)ကွက်ကို ဦးရဲညွန့် မှ မြေငှားစာချုပ်မူရင်းတင်ပြပြီး မြေဧရိယာ ဝ ဒသမ ၁၄၆ဧကရှိ မြေကွက် (၁)ကွက်စီကို မြေငှားစာချုပ်(၂)အုပ် မြေငှားစာချုပ်ခွဲစိတ်ခွင့် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေငှားစာချုပ် ခွဲစိတ်ခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၇၅၇)၊ ဧရိယာ ဝ ဒသမ ဝ၈၂ ဧကရှိ ဒေါ်ခင်ရွှေ အမည်ပေါက်ပါမစ်မြေကွက်အား ဦးအောင်ဝင်းဇော် (ဘ)ဦးဘမောင် ၈/ခမန (နိုင်)၁၂၄၁၃၉၄ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/95744 Toyomax 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသားညီ ၉/တဆန(နိုင်) ၂၅၆၇၈၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃ဝ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

**ကြီးမြန်သစ်ပင်**

**စိုက်ပျိုးလျှင်**

**စွမ်းအင်လည်းရ**

**ပြည်လည်းလှ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၁၃၀၂၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**
**ကျိုင်းတုံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5D/3592 Suzuki Swift ZC72S Hatch Back (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်း ၁၂/သဃက(နိုင်)၁၃၈၅၈၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/73528 Poymax 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ထွန်းဦး ၈/ရနခ(နိုင်)၁၁၇၉၀၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၇၅၂၃၆ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေမြတ်နိုးဆွေ ၉/မသန(နိုင်)၁၈၂၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၃၃၄၅၅ Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Thiri Tay Za Min Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ပတ်စ်ပို့ပျောက်

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်အုပ်စုနေ (ဘ)ဦးသူရထွန်း၏ (သား) ဦးအောင်ချမ်းမြေ့ ၉/ပမန(နိုင်)၂၈၃၉၆၃ ၏ နိုင်ငံကူးလက်မှတ် (ပတ်စ်ပို့အမှတ်-MB-313565) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၁၄၀၂၀၆၁**

## လမ်းဦးစီးဌာန၊ ရခိုင်ပြည်နယ် ကတ္တရာအိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ခရိုင်/အထူးအဖွဲ့များမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သော(၆၀/၇၀) ကတ္တရာအမျိုးအစား (၂၀၂ဒသမ၂၆)တန်နှင့် (၈၀/၁၀၀)ကတ္တရာအမျိုးအစား (၁၃၄၂ ဒသမ ၄၄)တန်အား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံသို့ မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - ၂၇-၇-၂၀၂၃ ရက်မှ ၂-၈-၂၀၂၃ ရက်ထိ
**တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်** - ၇-၈-၂၀၂၃ ရက်၊ ၁၆:၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၈-၈-၂၀၂၃ ရက်၊ ၀၉:၀၀နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ စစ်တွေမြို့

၃။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဖုန်း-၀၄၃-၂၂၁၅၃၊ ၀၄၃-၂၃၃၆၅၊ ၀၄၃-၂၂၈၁၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ (တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂) ပြင်ဦးလွင်မြို့နယ်တရားရုံးတော် ၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ် ၁၁နှင့်ဆက်နွှယ်သည့် ၂၀၂၃ ခုနှစ် တရားမဇာရီမှုအမှတ် - ၃၈

ဒေါ်မာမာလွင် **နှင့်** ဦးမိုးဟိန်းစိုး
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈) မ-၂၊ အမှတ်(၅၂) နေ တရားရှုံး ဦးမိုးဟိန်းစိုး (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ် ၁၁ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်မာမာလွင် က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၃ ရက် (၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအေး)**
**မြို့နယ်တရားသူကြီး**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ဒေဝဒဟလမ်း၊ မြေကွက်အမှတ်(၁၂၅၈)၊ မြေပေအကျယ်(၄၀x၆၀)ပေ၊ စတုရန်းပေ(၂၄၀၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်သူ မိခင် ဒေါ်ဝင်းဝင်းမြင့်နှင့် ဖခင်ဦးဖေခင်တို့ကွယ်လွန်သဖြင့် ၎င်းတို့၏အမွေဆက်ခံပိုင်ဆိုင်သူ သားသမီးများဖြစ်ကြသော ဦးကျော်စွာလင်း ၁၂/လကန(နိုင်)၀၇၀၀၆၉၊ ဒေါ်ဥမ္မာခင် ၁၂/ဥကတ(နိုင်)၀၆၈၁၈၉၊ ဦးစည်သူအောင် ၁၂/မဂဒ(နိုင်)၀၁၇၂၈၁၊ ဒေါ်စန္ဒာခင် ၁၂/ဥကတ(နိုင်)၀၆၇၄၃၆၊ ဦးနန္ဒအောင် ၁၂/ဥကတ(နိုင်)၀၆၇၂၀၄၊ ဒေါ်နီလာခင် ၁၂/ဥကတ(နိုင်)၁၃၀၀၀၄တို့က ယင်းမြေကွက်နှင့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင်(၁)ထပ်လုံးချင်းနေအိမ်(၂)လုံးအပါအဝင်ကို မိမိတို့သာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ D.R. ချောင်ဒရီ(ခ)ထွန်းထွန်းဦး ၁၂/ဗတထ(နိုင်)၀၂၉၁၃၈က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါကကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(န-၄)၊ ဦးပိုင်အမှတ် (၃၇)၊ ၄၁x၄၂လမ်းကြား၊ ၆၃ လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မေသွယ်ဦး ၉/မနမ(နိုင်)၁၀၉၂၃၇ က ဂရန်စာချုပ်တင်ပြ၍ ကာယကံရှင်လက်ဝယ်တွင် ဂရန်မူရင်းရှိပြီး ရုံးလက်ခံအမှုတွဲတွင်မရှိသည့်အတွက် ကာယကံရှင်လက်ဝယ်ရှိ ဂရန်မူရင်းအား ဌာနမှသိမ်းယူပြီး ဂရန်မိတ္တူထုတ်ပေးခြင်းဖြစ်သည်ဟု ရေးသားထားသော ဂရန်ပေါ်ရှိ မင်နီမှတ်ချက်အား ပယ်ဖျက်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂) ပြင်ဦးလွင်မြို့နယ်တရားရုံးတော် ၂၀၂၃ခုနှစ် တရားမကြီးမှုအမှတ် ၁၄နှင့်ဆက်နွှယ်သည့် ၂၀၂၃ခုနှစ် တရားမဇာရီမှုအမှတ်-၃၉

ဦးသော်ဇင် **နှင့်** ဦးတင်အေး
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဒေါ်သင်းသင်းနိုင်)
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ပဒေသာရပ်ကွက်၊ အကွက်အမှတ်(၁) နေ တရားရှုံး ဦးတင်အေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ် ၁၄ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးသော်ဇင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်သင်းသင်းနိုင်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ခုနှစ် ဩဂုတ်လ ၃ ရက် (၁၃၈၅ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအေး)**
**မြို့နယ်တရားသူကြီး**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ ရွှေပေါက်ကံ၊ မြဝတီမင်းကြီးလမ်း၊ မြေကွက်အမှတ်(၇၉၀) ရှိအလျားxအနံ ပေ(၆၀x၄၀)ရှိ ပါမစ်မြေအမျိုးအစား မြေကွက်အတွင်းမှ ခေါင်းရင်းဘက်ရှိ အလျားxအနံ ပေ(၆၀ x ၂၀)မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်သဇင်ခိုင် ၁၂/မဂဒ(နိုင်)၀၃၆၂၈၀ မှ ဆက်စပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူခဲ့၍ ၎င်းတစ်ဦးတည်းပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ရောင်းချခဲ့ခြင်းအပေါ် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေမိုးသူ ၁၂/ရကန(နိုင်)၀၇၇၇၆၇ မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ရာ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက သတ်မှတ်ထားသည့်ရက်တွင် အရောင်းအဝယ်အားပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ စဉ်-၇၈၆၇(၂၈-၁၀-၂၀၁၀)**
**အမှတ်၆၄၈၊ ဦးပုည(၁)လမ်း၊ ၁၇ရပ်ကွက်၊ ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၅၄၁၂၅၆၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၉၊ မြေကွက်အမှတ် ၁၃၅၅၊ ဧရိယာ (၂၄၀၀)စတုရန်းပေ မြေကွက်တည်နေရာအမှတ် ၁၃၅၅၊ ရာဇဓိရာဇ်လမ်း၊ ၆၉ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးစံဖြိုး၁၂/ကတတ(နိုင်)၀၂၂၄၇၉ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဂရန်အမည်ပေါက် ဦးစံဖြိုး(ဖခင်)သည် ၇-၈-၂၀၀၄ ရက်တွင်လည်းကောင်း၊ ဒေါ်ဟနီဖာဘီ(မိခင်)သည် ၂၅-၁၀-၂၀၀၉ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် သား၊ သမီးများဖြစ်ကြသော (၁)ဒေါ်သီတာဖြိုး ၁၂/ကတတ(နိုင်)၀၀၁၉၈၆၊ (၂)ဦးကျော်ကျော်ဝင်း ၁၂/ကတတ(နိုင်)၀၀၁၉၈၇၊ (၃)ဒေါ်သန္တာဖြိုး ၁၂/ကတတ(နိုင်)၀၀၁၉၈၈၊ (၄)ဒေါ်စန္ဒာဖြိုး ၁၂/ကတတ(နိုင်)၀၀၁၉၈၉၊ (၅)ဒေါ်အေးနန္ဒာဖြိုး ၁၂/ကတတ(နိုင်)၀၂၅၃၀၇ တို့မှ တရားဝင်သားသမီးများ တော်စပ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကတိသစ္စာပြုလွှာအမှတ် ၉၁၉/၂၀၂၃(၆-၆-၂၀၂၃)၊ ထောက်ခံကတိသစ္စာပြုလွှာနှင့် ထောက်ခံကျမ်းကျိန်လွှာ၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)ဂရန်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၁)၊ နှောင်ရိုး(၃)လမ်း၊ မြေကွက် အမှတ်(၂၀၃)၊ မြေအကျယ်(၄၀x၆၀)ပေ၊ စတုရန်းပေ(၂၄၀၀)ရှိ ဗိုလ်ကြီးလှမင်း အမည်ပေါက် ပါမစ်မြေကွက်ကို အရပ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးမျိုးခိုင် ၁၂/ဗဟန(နိုင်)၀၇၇၂၃၆ က ယင်းမြေကွက်ကို မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊**
**(၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## အမွေထိန်းစာရလိုမှု လျှောက်ထားကြောင်း အကြောင်းကြားစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃) အမရပူရခရိုင်တရားရုံး ၂၀၂၃ခုနှစ် တရားမအထွေထွေမှု အမှတ်-၂၆

ကွယ်လွန်သူ ဦးဟာမတ်ဘိုင်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဘုံးအိုးကျေးရွာအုပ်စုတွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဟာမတ်ဘိုင် ၏ ကျန်ရှိသော မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဘုံးအိုးကျေးရွာ၊ ကွင်းအမှတ်(၆၁၉/လက်သမား)၊ ဦးပိုင်အမှတ်(၃၉)၊ ဧရိယာ ၁ ဒသမ ၁၂၈ေ ကိုင်းမြေနှင့် ကွင်းအမှတ်(၆၁၉/လက်သမား)၊ ဦးပိုင်အမှတ်(၄၁/၂)၊ ဧရိယာ(၁ဒသမ၆၀)ဧေ ကိုင်းမြေများအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်း ဒေါ်ခင်ဆွေဝင်းက အမွေ ဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ် ဩဂုတ်လ ၈ ရက် (၁၃၈၅ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်)တွင် ကြားနာရန် ချိန်းဆိုသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးဟာမတ်ဘိုင်၏ ကျန်ရှိသော ပစ္စည်းများတွင် အကျိုးသက်ဆိုင်သည်ဟု အဆိုရှိသူ မည်သူမဆို အဆိုပါအမှုတွင် လာရောက်အမှုဆိုင်လိုပါက ချိန်းဆိုထားသော ၂၀၂၃ ခုနှစ် ဩဂုတ်လ ၈ ရက် (၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်)၌ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိကနည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်လည်းကောင်း၊ လာရောက်အမှုဆိုင်ရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်ခင်ဆွေဝင်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၀ ရက်တွင် ဤတရားရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောဝီလီ)**
**ခရိုင်တရားသူကြီး**
**အမရပူရခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ ဖြူဟ္မစိုရ်လမ်း၊ တိုက်အမှတ်(၁၀၄၈/က+ခ)၊ မြေပေအကျယ်(၄၀x၆၀)ပေရှိမြေပေါ်တွင်ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၈ ၁/၂)ထပ် RC အဆောက်အအုံမှ ဒုတိယထပ်/ခေါင်းရင်းခန်း၊ (၃-လွှာ)၊ အကျယ်အဝန်း(၁၉x၅၄)ပေ၊ အမြင့်(၉)ပေရှိ ကွန်ဒိုတိုက်ခန်းတစ်ခန်းနှင့်တိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအားလုံးအပါအဝင်ကို ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ကန်ထရိုက်တာ ဒေါ်သီတာဝင်း ၁၂/သလန(နိုင်)၁၈၇၄၀၅+၁တို့က အထက်ပါတိုက်ခန်းကို မိမိတို့သာ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါကွန်ဒိုတိုက်ခန်းအား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ဆွေဝင်း ၁၂/ဥကတ(နိုင်) ၁၁၉၇၅၇ က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကွေ့ကြီးကုန်းရွာတောင်ပိုင်း၊ ကားခြံလမ်းသစ်တွင် ကိုလင်းထွန်း(ခ)ဟန်လွင်သည် "NOVA" အမည်ဖြင့် သောက်ရေသန့်ထုတ်လုပ်မည်ဖြစ်ပြီး အဆိုပါနာမည်အား အမှတ်တံဆိပ်မှတ်ပုံတင်ရုံးတွင် အမည်တင်သွင်းသွားမည်ဖြစ်ပါသဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။ ကန့်ကွက်လိုသူများ သတင်းစာပါရက်မှ တစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ကိုလင်းထွန်း(ခ)ဟန်လွင်**
**၁၃/လရန(နိုင်)၁၆၈၈၂၃**
**ဖုန်း-၀၉-၉၇၁၅၅၅၁၉၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(UE 1)၊ (၁)ရပ်ကွက်၊ ထိပ်တင်မှတ်လမ်း၊ မြေကွက်အမှတ်(၁၂၂၄)၊ မြေပေအကျယ်(၄၀x၆၀)ပေ၊ စတုရန်းပေ(၂၄၀၀)ရှိ ဒေါ်အေးမြင့် အမည်ပေါက် ပါမစ်မြေကွက်မှတရားဝင် မခွဲမစိတ်ရသေးသော(ခေါင်းရင်းခြမ်း)၊ မြေပေအကျယ်(၂၀x၆၀)ပေ၊ စတုရန်းပေ(၁၂၀၀)ရှိ (ပါမစ်မူရင်းခြမ်း)ကို အမွေဆက်ခံပိုင်ဆိုင်လက်ဝယ်ထားရှိသူများဖြစ်သော ဒေါ်စန်းစန်းရီ ၁၂/လမန(နိုင်)၀၄၆၀၈၄၊ ဦးမြင့်ကြည် ၁၂/လမန(နိုင်)၀၄၆၀၈၅၊ ဒေါ်စန်းစန်းမြင့် ၁၂/လမန(နိုင်)၀၄၆၀၈၆၊ ဦးအောင်ဝင်းကြည် ၁၂/လမန(နိုင်)၁၀၉၃၁၆၊ ဒေါ်စုမြတ်မွန် ၁၂/လမန(နိုင်)၁၃၈၃၇၉၊ ဒေါ်စုမြတ်ဝေ ၁၂/လမန(နိုင်)၁၄၄၈၆၅တို့က ယင်းမြေကွက်နှင့် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ပျဉ်ထောင်(၁)ထပ်နေအိမ်အပါအဝင် ကို မိမိတို့သာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံ မြေကွက်အား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းမင်းလှိုင် ၁၂/ဥကတ(နိုင်)၀၅၂၅၇၇က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၃ခုနှစ် တရားမကြီးမှုအမှတ်-၉၉

ဒေါ်အေး နှင့် ဦးမြသောင်း
တရားလို တရားပြိုင်

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အိမ်အမှတ်(၁၀)၊ (င)ရပ်ကွက်နေ (ဘ) ဦးကိုးရ၏ သားဖြစ်သူ ဦးမြသောင်း (အေအီး-၀၃၅၃၅၅) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်အေးက ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၅)၊ ဦးပိုင်အမှတ်(၇၅)၊ ဧရိယာ ၀ ဒသမ ၀၂၇၅ဧကအကျယ်အဝန်းရှိ ဦးမြသောင်း အမည်ပေါက် မြေကွက် ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ခုနှစ် ဇူလိုင်လ ၃၁ရက် (၁၃၈၅ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရဲလင်းအောင်)
မြို့နယ်တရားသူကြီး
ချမ်းမြသာစည်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ဝရဇာ(၅)လမ်း၊ မြေကွက်အမှတ်(၅၉၉/က)ဟု ခေါ်တွင်သော အလျား ပေ၂၀xအနံ ပေ၆၀ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော (၅)ထပ်တိုက် အဆောက်အအုံ၏ ဒုတိယထပ်(၃-လွှာ) အလျား ၁၈ပေ x အနံ ၅၄ပေ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်များအား ဒေါ်တင်ဇာလွင် ၉/ကဆန(နိုင်)၁၃၄၉၉၁ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကရီကာလန် ၁၂/စခန(နိုင်)၀၅၂၉၁၇မှ ၂၄-၇-၂၀၂၃ရက်တွင် အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါ၍ ယင်းတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲမင်းထွဋ် LL.B, Diploma in Business Law**
**(တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၄၇၅)၊ ဗမ္ဗူသီရိ(၃)လမ်းအရှေ့၊ ဖ/အနောက်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၉၉၆၁၁၃၀၀**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ အနော်မာ(၂)လမ်း၊ တိုက်အမှတ်(၅၀)၊မြေပေ အကျယ်ပေ (၃၀x၆၀)ရှိ မြေပေါ်တွင်ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၅)ထပ်RC အဆောက်အအုံမှ မြေညီထပ်/ခြေရင်းခန်း အကျယ်အဝန်းပေ(၁၄x၅၄)၊ ထပ်ခိုးပါ အမြင့်(၁၅)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် တိုက်ခန်းတွင် အခိုင်အမာတွယ်ကပ် တပ်ဆင်ထားသော ပစ္စည်းများအားလုံးအပါအဝင်ကို ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ငုဝါအောင် ၁၂/ဥကတ(နိုင်)၁၅၁၀၅၅ က အထက်ပါတိုက်ခန်းကို မိမိသာ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုသဖြင့်အဆိုပါတိုက်ခန်း အားအပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မင်းမင်းမြတ် ၁၂/သဃက(နိုင်)၀၇၁၃၉၆က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့် ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်များအရ -**

**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အောင်ဇေယျာလမ်း၊ မြေကွက်အမှတ်(၁၈၅/က)၊ မြေအကျယ်အဝန်း ပေ(၂၀x၄၀)ရှိ ဦးမောင်ဟန် ဘီဂျီအီး-၁၁၄၀၄၁ (ယာယီနေထိုင်ခွင့်လက်မှတ်)ဖြင့် အမည်ပေါက်မြေကွက်ထဲမှ ပေ(၁၀x၄၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရီရီနိုင်ဝင်း ၁၂/အလန(နိုင်)၀၂၈၂၆၀ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်စိုးမင်း ၁၁/စတန(နိုင်)၀၉၆၄၇၂နှင့် ဒေါ်ခင်စန္ဒာကျော် ၁၁/ရဗန(နိုင်)၀၆၄၈၅၆တို့က အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေစင်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၇၀၅)**
**အမှတ်(၈၀၈)၊ မာဃ(၉)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၀၁၅၂၃၂၄၈**

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘဏ္ဍာငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်း/တံတားလုပ်ငန်းများအား (ဒုတိယအကြိမ်) တင်ဒါခေါ်ယူမည်ဖြစ်ပါ၍ ဆောင်ရွက်လိုသောလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - | ၂၁-၇-၂၀၂၃ ရက်၊ (ရုံးချိန်အတွင်း) |
| (ခ) | **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်/အချိန်** | - | ၃-၈-၂၀၂၃ရက်၊ ညနေ၀၄ :၀၀နာရီ |
| (ဂ) | **တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ** | - | ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ |

၂။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန ဖုန်း-၀၇၄-၂၅၂၂၃၆၉၊ ၀၉-၄၂၄၃၈၃၅၃၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သပြေသာလမ်း၊ အမှတ်(၇၄)၊မြေအကျယ်အဝန်းပေ (၂၅x၅၅) မြေကွက်ပေါ်ရှိ(Rc) ၅ ထပ်တိုက်၏ ၅လွှာ(အေ) နှင့်ထပ်ခိုးအပါအဝင် (၁၄)ပေအမြင့်ရှိသည့် တိုက်ခန်းအကျယ်အဝန်း(၁၂ပေခွဲx၅၄ပေ)ခန့် ၄င်းတိုက်ခန်း(၁)ခန်းအပါအဝင် ယင်းနှင့် ပတ်သက်သော ရေစုံ၊ မီးစုံ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲ ပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုဝန်ခံသူများဖြစ်ကြသော (ဘ)ဦးသောင်းဟန်(ခ)ဦးကုလား ၏သား ဦးဝေဖြိုးအောင်၁၂/လမန(နိုင်)၁၃၇၀၈၂ နှင့် (ဘ)ဦးထွန်းခင်၏သား ဦးမြင့်ဇော် ၇/ရတန(နိုင်)၀၁၇၅၂၈တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်ကြသော ဒေါ်ထန်ဆန့် (ဘ)ဦးကွမ်ဆန် ၁/မစန (နိုင်)၀၂၅၄၉၃ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်ပါက အထက်ပါအရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်သည့်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ချက်အရ -**

**ဒေါ်သွယ်သွယ်မြ(LL.B)(D.C.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၅၃၃၂၄)**
**အမှတ်(၈၃)၊ပထမထပ်၊ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၄၅၀၅၈၈၉၀၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၇၀)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ မြေကွက်အမှတ်-၃၉၃(ခ)၊ အကျယ်အဝန်း (ပေ၂၀xပေ၆၀)ရှိ ဦးခင်မောင်အမည်ပေါက် ပါမစ်မြေကွက်အား အဆင့်ဆင့်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်းဖြင့် ဝန်ခံ၍ ရောင်းချရန်ကမ်းလှမ်းသူ ဦးမြင့်မောင် ၉/ညဥန(နိုင်)၁၀၄၂၉၉ထံမှ ကျွန်ုပ်အားလွှဲအပ်ညွှန်ကြားသူဖြစ်သည့် ဦးကျော်မျိုးသန့် ၉/မထလ(နိုင်)၀၀၇၈၀၉က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့သတင်းစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇေယျ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၄၂၄၅ )**
**တိုက်အမှတ်-(B6)၊ အခန်း(401)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၉၇၇၈၃၅၁၆**

## သမီးအဖြစ်မှအမွေပြတ် စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ မကျည်းကုန်းရွာနေ ဦးအောင်ညွှန့် ၉/သပက(နိုင်) ၀၂၂၆၉၀ ၏သမီး မသူဇာအောင် ၉/သပက (နိုင်) ၀၃၄၄၆၁သည် မိဘ၏ပြောဆိုဆုံးမမှုအားနာယူမှုမရှိဘဲ မိဘအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်သောကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှ လုံးဝ (လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဖခင် ဦးအောင်ညွှန့်**
**မကျည်းကုန်းကျေးရွာ**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ မြစ်ပယ်လမ်း၊ တိုက်အမှတ် (၄၉) မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အအုံ၏ (၅)လွှာ၊ စတုတ္ထထပ်၊ ညာဘက်ခြမ်း၊ ဧရိယာ ပေ(၁၇x၅၄)ရှိ ရေ၊ မီးစုံ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လယ်ဝယ် ပိုင်ဆိုင်လျက်ရှိသော ဒေါ်ကေခိုင်အေး ၉/မထလ(နိုင်)၁၇၆၄၃၃ မှ ဆက်စပ်စာချုပ်စာတမ်းများဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဦးမိုးကျော်လွင်၁၂/စခန(နိုင်)၀၀၀၁၅၇က အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
|---|---|
| **ဦးမိုးကျော်လွင်** | **ဒေါ်အင်ကြင်း (LL.B, D.B.L, D.I.L)** |
| **၁၂/စခန(နိုင်)၀၀၀၁၅၇** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၃၄)** |
| | **အမှတ်-၂၀၅၊ သန္တာ(၁၀)လမ်း၊ (င)ရပ်ကွက်၊** |
| | **မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊** |
| | **ဖုန်း-၀၉ -၇၉၉၅၁၈၆၀၄၊ ၀၉- ၄၂၆၂၇၀၉၃** |

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## အောင်မြေသာစံခရိုင်တရားရုံးတော်
## ၂၀၂၃ခုနှစ် တရားမကြီးမှုအမှတ်-၁၇

ဒေါ်ကြည်မြင့် နှင့် ၁။ ဒေါ်လှဆန်
(၎င်း၏ကိုယ်စားလှယ်စာရသူ ၂။ ဦးထွန်းအောင်ကျော်
ဒေါ်အေးကြည်ငွေး)
တရားလို တရားပြိုင်များ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်၊ ၁၉x၂၂လမ်းကြား၊ Texas Studio 58Fလမ်းနေ ဒေါ်လှဆန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကျူးကျော်သူအား နှင်ထုတ်လိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ခုနှစ် ဩဂုတ်လ ၁၀ ရက် (၁၃၈၅ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် ဇူလိုင်လ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းကိန်ခမ်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**အောင်မြေသာစံခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20U/2896 TVS King 200 T/Wယာဉ်လက်ဝယ်ရှိသူ Good Brothers' Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/ 18460 Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ Aung Kanbo Trading Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သာစည်မြို့နယ်၊ တမာကုန်းကျေးရွာနေ ဦးဝင်းလှိုင်၉/သစန(နိုင်)၀၂၉၅၉၀နှင့် ဒေါ်လှစန်းလွင် ၉/သစန(နိုင်)၀၂၉၄၃၀တို့၏ သား မောင်နေမျိုးအောင် ၉/သစန(နိုင်)၁၃၄၁၉၀ သည် မိဘတို့၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်သက်ဆိုင်သည့် ကိစ္စရပ်များအား လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဝင်းလှိုင်-ဒေါ်လှစန်းလွင်**

## ပတ်စ်ပို့ပျောက်

ဦးခင်နိုင် (ဘ) ဦးဘိုးသောင်း ၇/ကဝန(နိုင်)၁၂၈၂၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-755159) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၅၀၄၂၆၀၄

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1N/ 5291 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 69W/ 34727 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၆၉၇၃၇ ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်လှိုင် ၁၀/မလမ(နိုင်)၀၈၁၉၃၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## မီးသတိပြု

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ်၊ မိုင်းနားကျေးရွာအုပ်စု၊ ကွင်း အမှတ်/အမည် (၆၁/ရွာကွက်(၁)၊ဟိုးလော်)၊ ဦးပိုင်အမှတ် (၂၀)၊ မြေဧရိယာ ၀ ဒသမ ၇၁၁ ဧကရှိ မြေကွက်အား ယခင် ဦးစိုင်းအောင်ကျော်မြင့် အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၈၃/V ကျေးရွာမြေ၊ ၂၀၁၆-၂၀၁၇ အရ (၂၈-၂-၂၀၁၇)ရက်မှ (၂၇-၂-၂၀၂၇)ရက်ထိ (၁၀)နှစ် သက်တမ်းပိုင်ဆိုင်ခဲ့ပါသည်၊ ဦးစိုင်းအောင်ကျော်မြင့်က အိမ်ခြံမြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ ဒေါ်ဝေဝေသန်းထံသို့ ရောင်းချလိုက်သောမြေကွက်အား ဒေါ်ဝေဝေသန်း ၁/ဗမန(နိုင်)၀၈၁၉၈၉ အမည်ဖြင့် စက်သုံးဆီ အရောင်းဆိုင်ဖွင့်လှစ်နိုင်ရန်အတွက် စက်မှု/စီးပွား မြေငှားဂရန်ခွင့်ပြုပေးနိုင်ရေးတင်ပြလျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ဝိုင်းမော်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ သမ္မတောကျေးရွာအုပ်စုအတွင်းရှိ ကွင်းအမှတ်-၅၄၃၊ ကွင်းအမည် - အောင်ပင်လယ်မြောက် ကန်တွင်းကွင်း၊ မြေအမျိုးအစား - (စက်မှု/စီးပွားမြေ ငှားဂရန်မြေ) ဦးပိုင်အမှတ်- ၈ ၊ ဧရိယာ-၃ ဒသမ ၀၀ဧက၊ (၁၀)နှစ်မြေအငှားဂရန် ရှိမြေကွက်မှာ ဦးအောင်ကြည် ၉/မရတ(နိုင်)၁၀၆၈၃၄ တစ်ဦးတည်း ပိုင်ဆိုင်သူ ဖြစ်သည့်အပြင် ၎င်းမြေအား အခြားနည်းသုံးစွဲခွင့် ခွင့်ပြုမိန့် (ပုံစံ-၁၅) ရရှိပြီး စာအမှတ်- (၄/၃၁-၅/ဦး-၁(အထဥ)(၅၇၀)ဖြင့် ၎င်းလယ်မြေအား စက်မှု/စီးပွား မြေငှား ဂရန်မြေ အဖြစ်တရားဝင်ခွင့်ပြုပြီးသောမြေဖြစ်ပါသည်။ ၎င်းမြေ ၃ ဒသမ ၀၀ ဧက အနက်မှ အရှေ့တောင်ဘက်ပိုင်း မြေပြင်ပေါ် အရှိ ၁ ဒသမ ၅ ဧကကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဦးတောင်စုဖာ ၁၃/လရန(နိုင်)၂၂၂၀၇၄ ထံသို့ ၎င်းမြေကွက်တစ်ဝက်အား ရောင်းချရန်လာရောက်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူမှ ဝယ်ယူမည်ဖြစ်သည့်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်းအထောက် အထားမူရင်း၊ လုပ်ပိုင်ခွင့်အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်အတူ လုပ်ပိုင်ခွင့်နှင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာ ပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သည့် ဌာနဆိုင်ရာကိစ္စရပ်များအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးကိုကိုဇော်(LL.B) (စဉ်-၁၇၃၅၇) တရားလွှတ်တော်ရှေ့နေ**
**၃၆(C)၊ ၅၂ x၅၃ လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၄၀၀၇၈၅၅၈၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခနဲ့ ကြုံတွေ့ခဲ့ရတဲ့ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူတွေရဲ့အကျိုးကို ရှေးရှုငဲ့ကွက်ပြီး သက်ဆိုင်သူအားလုံးက ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းရေးကို (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ကစပြီး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နောင်မျိုးဆက်သစ်များကို ငြိမ်းချမ်းရေးအမွေပေးခဲ့ကြပါစို့လို့ တိုက်တွန်းပြောကြားလိုပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် ဇူလိုင် ၂၄

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း၊ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ်မြောက်ပိုင်းကမ်းလွန်-ဩရိဿပြည်နယ်တောင်ပိုင်းကမ်းခြေတို့တွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ



မြန်မာ့မီးရထားပိုင် ရထားသံလမ်းဆက်ပြား၊ သံလမ်းဆက်မူလီများနှင့် သံလမ်းထိန်းကလစ်များ ဖြုတ်ယူဖျက်ဆီးမှုကြောင့် မန္တလေး – ရန်ကုန်ရထားလမ်းပိုင်းအတွင်း မြစ်ငယ်မှ ရွာသာကြီး ခရီးစဉ်ပြေးဆွဲသော အမှတ်(၈၂၄)အစုန် ကုန်ရထားလမ်းချော်မှုဖြစ်ပွားစဉ်။

## ရထားသံလမ်းဆက်ပြား၊ သံလမ်းဆက်မူလီများနှင့် သံလမ်းထိန်းကလစ်များ ဖြုတ်ယူဖျက်ဆီးမှုကြောင့် မန္တလေး-ရန်ကုန်ရထားလမ်းပိုင်းအတွင်း မြစ်ငယ်မှ ရွာသာကြီး ခရီးစဉ်ပြေးဆွဲသော ကုန်ရထားလမ်းချော်မှုဖြစ်ပွား

နေပြည်တော် ဇူလိုင် ၂၄

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် နိုင်ငံအနှံ့ရှိ ပြည်သူများ ကုန်ကျစရိတ်သက်သာစွာဖြင့် ခရီးသွားလာမှု၊ ကုန်စည်ပို့ဆောင်မှုများ အဆင်ပြေချောမွေ့စေရေးအတွက် အမြန်လူစီးရထား ၁၈ စင်း၊ စာပို့ရထား ၁၄ စင်း၊ လူစီးကုန်တင်ရထား ရှစ်စင်း၊ RBE လူစီးနှစ်စင်း၊ ရန်ကုန်မြို့ပတ်နှင့်ဆင်ခြေဖုံးရထား ၃၅ စင်း စုစုပေါင်း လူစီးရထား ၇၇ စင်းနှင့် ကုန်ရထားခြောက်စင်းကို နေ့စဉ် စီစဉ်ပြေးဆွဲပေးလျက်ရှိသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ❍

## အမျိုးသမီးကမ္ဘာ့ဖလားအုပ်စုအဆင့် ပြိုင်ပွဲများဆက်လက်ယှဉ်ပြိုင် ဂျာမနီ၊ အီတလီနှင့် ဘရာဇီးတို့ အနိုင်ရ

အမျိုးသမီးကမ္ဘာ့ဖလား အုပ်စုအဆင့်ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိရာ ဇူလိုင် ၂၄ ရက်က ကစားခဲ့သည့်ပွဲစဉ်များတွင် နာမည်ကြီး ဂျာမနီ၊ အီတလီနှင့် ဘရာဇီးအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည်။

အုပ်စု (ဇ) မှ ဂျာမနီနှင့် မော်ရိုကိုအသင်းတို့ပွဲစဉ်ကို ညနေ ၃ နာရီက ယှဉ်ပြိုင်ကစားခဲ့ပြီး ဂျာမနီအသင်းက ခြောက်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။ ပြိုင်ဖက်မော်ရိုကိုအသင်းသည် ဂျာမနီအသင်းဘက်သို့ ဂိုးကန်သွင်းမှု ခြောက်ကြိမ်တွင် ဂိုးပေါက်တည့်မတ်မှု လေးကြိမ်အထိရှိခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိခဲ့ပေ။ ဂျာမနီအသင်းက မော်ရိုကိုအသင်းအား ပွဲချိန်အများစုကို

*စာမျက်နှာ ၁၇ ကော်လံ ၅* ❖



ပနားမားအသင်းဘက်သို့ ပထမဆုံးဂိုးသွင်းယူပြီးနောက် ဘရာဇီးအမျိုးသမီးအသင်း အောင်ပွဲခံစဉ်။

**ယနေ့** သတင်းအညွှန်း

**ငွေရေးကြေးရေး ဈေးကွက်ထဲမှာ ဒီငွေစက္ကူ ကျပ်နှစ်သောင်းတန်အသစ်တွေ အလုံးအရင်းနဲ့ဝင်ရောက်လာဖို့ဆိုတဲ့ကိစ္စက လုံးဝလည်းမဖြစ်နိုင်ဘူး၊ ဖြစ်လည်းမဖြစ်ပါဘူးလို့ အာမခံပါတယ်။ ဒါကြောင့် ငွေကြေးဖောင်းပွမှုဆိုတာ မဖြစ်နိုင်ပါဘူး။ မတည်ငြိမ်အောင် ကောလာဟလတွေ ထုတ်လွှင့်နေတာပဲဖြစ်ပါတယ်**

တွေ့ဆုံမေးမြန်း စာ ၁၀